## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး

## (၁၅) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်နေ့

## (၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၄၇ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၂.၂၃ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးစိုးဝင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၇-၂-၂၀၁၄ ရက်နေ့မှာ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့အစည်းအဝေးသို့ မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ ၇၅ ဦးအနက် ယခင်ခွင့်ပန်ကြားသူ ၁၁ ဦးရှိပြီး ယနေ့ခွင့်ပန်ကြားသူ ၆၄ ဦးကို လွှတ်တော်အခွင့်အရေးကော်မတီဝင် ကျွန်တော် ဦးစိုးဝင်းက တင်ပြပန်ကြားသွားမှာ ဖြစ်ပါတယ်။

(၁) မိုးကုတ်မဲဆန္ဒနယ်မှ ဦးဘဒွေး အစည်းအဝေးပြီးဆုံးသည်အထိ၊

(၂) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၁၂ ရက်၊

(၃) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး ခွင့် ၅ ရက်၊

(၄) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၅ ရက်၊

(၅) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၅ ရက်၊

မူကြမ်း

(၆) ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင် ခွင့် ၅ ရက်၊

(၇) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း ခွင့် ၅ ရက်၊

(၈) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင် ခွင့် ၅ ရက်၊

(၉) မိုင်းရှူးမဲဆန္ဒနယ်မှ ဦးကျော်တင်ရွှေ ခွင့် ၅ ရက်၊

(၁၀) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၁၁) မိုးမောက်မဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၁၂) တာချီလိတ်မဲဆန္ဒနယ်မှ ဦးစိုင်းသိန်းအောင် ခွင့် ၅ ရက်၊

(၁၃) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၅ ရက်၊

(၁၄) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ဦး ခွင့် ၅ ရက်၊

(၁၅) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၅ ရက်၊

(၁၆) ကျောက်မဲမဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ ခွင့် ၅ ရက်၊

(၁၇) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၅ ရက်၊

(၁၈) ကျောက်တန်းမဲဆန္ဒနယ်မှ ဦးအောင်ကျော်ခင် ခွင့် ၃ ရက်၊

(၁၉) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၂ ရက်၊

(၂၀) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၄ ရက်၊

(၂၁) စမ်းချောင်းမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၁ ရက်၊

(၂၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၂ ရက်၊

(၂၃) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်၊

(၂၄) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၂ ရက်၊

(၂၅) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၂၆) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၁ ရက်၊

(၂၇) မတူပီမဲဆန္ဒနယ်မှ ဒေါက်တာရိုအုပ် ခွင့် ၁ ရက်၊

(၂၈) မြောင်မဲဆန္ဒနယ်မှ ဦးအုန်းငွေ ခွင့် ၁ ရက်၊

(၂၉) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း ခွင့် ၁ ရက်၊

(၃၀) ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော် ခွင့် ၁ ရက်၊

(၃၁) ဆိပ်ကမ်းမဲဆန္ဒနယ်မှ ဒေါက်တာနေလင်း ခွင့် ၁ ရက်၊

**မူကြမ်း**

(၃၂) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့် ခွင့် ၅ ရက်၊

(၃၃) မြန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၅ ရက်၊

(၃၄) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၅ ရက်၊

(၃၅) ပုဇွန်တောင်မဲဆန္ဒနယ်မှ ဦးအောင်ဇင် ခွင့် ၄ ရက်၊

(၃၆) ကမာရွတ်မဲဆန္ဒနယ်မှ ဒေါက်တာစိုးရင် ခွင့် ၁ ရက်၊

(၃၇) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၂ ရက်၊

(၃၈) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၃ ရက်၊

(၃၉) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၄၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး ခွင့် ၂ ရက်၊

(၄၁) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၄၂) ဝက်လက်မဲဆန္ဒနယ်မှ သူရဦးအေးမြင့် ခွင့် ၁ ရက်၊

(၄၃) ဗိုလ်မှူးထိန်လင်း တပ်မတော်သားကိုယ်စားလှယ် ခွင့် ၁ ရက်၊

(၄၄) ခရမ်းမဲဆန္ဒနယ်မှ ဦးမောင်မောင်သိန်း ခွင့် ၁ ရက်၊

(၄၅) မံစီမဲဆန္ဒနယ်မှ ဦးထွန်းထွန်း ခွင့် ၁ ရက်၊

(၄၆) တောင်ကြီးမဲဆန္ဒနယ်မှ ဦးစံလင်း ခွင့် ၂ ရက်၊

(၄၇) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော် ခွင့် ၃ ရက်၊

(၄၈) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၂ ရက်၊

(၄၉) လယ်ဝေးမဲဆန္ဒနယ်မှ ဦးဌေးဝင်း ခွင့် ၁ ရက်၊

(၅၀) ကျိုက်မရောမဲဆန္ဒနယ်မှ ဒေါ်မိယဉ်ချမ်း ခွင့် ၁ ရက်၊

(၅၁) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၁ ရက်၊

(၅၂) သာယာဝတီမဲဆန္ဒနယ်မှ ဦးမောင်မောင် ခွင့် ၁ ရက်၊

(၅၃) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၂ ရက်၊

(၅၄) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း ခွင့် ၂ ရက်၊

(၅၅) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၅၆) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၂ ရက်၊

(၅၇) မြောင်းမြမဲဆန္ဒနယ်မှ ဦးမန်းဂျော်နီ ခွင့် ၂ ရက်၊

**မူကြမ်း**

(၅၈) ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတဲလမ်း ခွင့် ၁ ရက်၊

(၅၉) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၆၀) မက်မန်းမဲဆန္ဒနယ်မှ ဦးအိုက်ယွန်းမွန်း ခွင့် ၅ ရက်၊

(၆၁) မန်တုံမဲဆန္ဒနယ်မှ ဦးအိုက်မုန်း ခွင့် ၅ ရက်၊

(၆၂) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို အစည်းအဝေးပြီးဆုံးသည်အထိ၊

(၆၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၆၄) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ခွင့်အဖြစ်သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၁ ဦး ယနေ့ ခွင့်ပြုထားသူ ၆၄ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၇၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးစရိတ်ထုတ်ချေးရမည့် ကျေးရွာအုပ်စုများသို့ နိုင်ငံတော်ခရီးစရိတ်အသုံးပြု၍ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ကိုယ်စား ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘိုနီ(ရမည်းသင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုအပ်ပါတယ်ခင်ဗျာ။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘိုနီ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ကိုယ်စား မေးခွန်းမေးမြန်းအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်အတွင်း ကျေးရွာအုပ်စုပေါင်း ၆၃၀၀၀ ကျော်ရှိပြီး ကျေးလက်နေပြည်သူအများဆုံးဟာ တောင်သူလယ်သမားများဖြစ်လို့ နိုင်ငံတော်အတွက် စားသုံးဆန်ဖူလုံရေး၊ ဆီထွက်သီးနှံဖူလုံရေး၊ အထည်များဝတ်ဆင်နိုင်ရန်အတွက် စပါး၊ နှမ်း၊ မြေပဲ၊ ဝါမျိုးစုံတို့ကို နှစ်စဉ်စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ထိုသို့ တောင်သူလယ်သမားများ အချိန်မီစိုက်ပျိုးရန် လိုအပ်သောစိုက်ပျိုးစရိတ် ချေးငွေများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ နှစ်စဉ်ထုတ်ချေးလျက်ရှိတာမို့ တောင်သူလယ်သမားများမှာ စိတ်ချမ်းမြေ့ကြည်နူးလျက်ရှိကြပါတယ်။ သို့ပါသော်လည်း အဆိုပါစိုက်ပျိုးစရိတ်ချေးငွေများကို ထုတ်ချေးရာမှာ လူအများစုဖြစ်တဲ့တောင်သူများမှာ မြို့များရှိ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ် ယာဖွံ့ဖြိုးရေးဘဏ်များသို့ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ၊ ထော်လာဂျီများ၊ မော်တော်ဆိုင်ကယ်များဖြင့် သွားရောက်ထုတ်ယူရတဲ့အတွက် အန္တရာယ်များမကြာခဏရှိနေတာကို တွေ့ရပါတယ်။ ဒါ့အပြင် သွားလာရေးခရီးစရိတ်၊ ထမင်းစရိတ်၊ စရိတ်များအားလုံးအပါအဝင် တစ်ဦးကို ခရီးနီး

က ၅၀၀၀ ကျပ်၊ ခရီးဝေးက ၁၀၀၀၀ ကျပ်အထိ ကုန်ကျငွေရှိကြောင်း တွေ့နေရပါတယ်။ ဒါ့ကြောင့် လူနည်းစုဖြစ်သော ငွေထုတ်ချေးမည့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းများမှ နိုင်ငံတော်မှ ခရီးစရိတ်များ ထုတ်ပေးထားရှိခြင်း၊ ၎င်းတို့အတွက် ဆိုင်ကယ်များရှိခြင်းနှင့် ကျေးရွာအုပ်စုများသို့ သွားရောက်ရန်လွယ်ကူခြင်းတို့ကြောင့် လူအများစုဖြစ်တဲ့ တောင်သူလယ်သမားများထံကို ငွေထုတ်ချေးပေးရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်ပေးမည့် အစီအစဉ်ရှိ/မရှိ။ ရှိပါက မည်သို့ဆောင်ရွက်၊ မည်သည့်ကာလတွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးသန်းမြင့်၊ ဝမ်းတွင်းမဲဆန္ဒနယ် ကိုယ်စား ဦးဘိုနီ၊ ရမည်းသင်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုရင်းနဲ့ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းမြင့်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ဖြေကြားသွားမှာဖြစ်ပါတယ်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဟာ ယခင်က ကျေးရွာအရောက် ထုတ်ချေးတဲ့စနစ်ကိုကျင့်သုံးခဲ့သော်လည်း ၁၉၉၃ ခုနှစ် အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၉/၉၃) ဆုံးဖြတ်ချက်မှတ်တမ်းအရ ငွေချေးသူကိုယ်တိုင် ဘဏ်သို့လာရောက်ချေးယူ/ပေးဆပ်စေသည့်စနစ်ကို ပြောင်းလဲကျင့်သုံးခဲ့ရပါတယ်။ တောင်သူလယ်သမားများ ဘဏ်စနစ်ကိုကျင့်သုံးတတ်လာစေရန်၊ ငွေပိုငွေလျှံများကို ဘဏ်တွင်စုဆောင်းခြင်းဖြင့် အရင်းအနှီးရရှိစေရန်၊ ငွေစုဆောင်းတတ်တဲ့အလေ့အကျင့်ရရှိစေရန်ရည်ရွယ်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျေးရွာအရောက် ငွေချေးပေးစဉ်က တောင်သူကိုယ်တိုင် ဘဏ်မှတိုက်ရိုက်ချေးယူခြင်းမရှိဘဲ၊ ကျေးရွာဘဏ်ကော်မတီမှတစ်ဆင့် ငွေချေးခြင်းဖြစ်ပြီး ကျေးရွာဘဏ်တွင်ပင် ဘဏ်က ဘဏ်ကော်မတီအဖွဲ့သို့ စာချုပ်ဖြင့်ငွေချေးပြီး ဘဏ်ကော်မတီက

တောင်သူကို ထပ်ဆင့်စာချုပ်ချုပ်ဆိုပြီး ထုတ်ချေးတဲ့စနစ်ဖြစ်ပါတယ်။ ကျေးရွာအရောက်ထုတ်ချေးစဉ်က စပါးတစ်ဧကနှုန်းထားမှာ ကျပ် ၄၀ဝ ခန့်သာဖြစ်ပြီး ယခု ကျပ်တစ်သိန်းနှုန်းဖြစ်သည့်အပြင် ဧကများစွာလည်းတိုးတက်လာတာဖြစ်၍ ၁၉၉၃ ခု မိုးချေးငွေပမာဏကို ၂၀၁၃ ခုနှစ် မိုးချေးငွေနှင့် နှိုင်းယှဉ်ပါက အဆ ၄၀ဝ ကျော်ကွာခြားမှုတိုးတက်လာပါတယ်။ ငွေပမာဏနည်းစဉ်က ရွာသို့ငွေကြေးသယ်ယူသွားရသည်မှာ အခက်အခဲမရှိသော်လည်း ယခုငွေပမာဏများပြားလာသဖြင့် ငွေကြေးလုံခြုံရေးအရ လွန်စွာအန္တရာယ်များပါတယ်။ ငွေကြေးဆုံးရှုံးမှု တစ်စုံတစ်ရာဖြစ်ပွားပါက ငွေပြန်လည်ရရှိရေးဆောင်ရွက်ရသည်မှာလည်း လွန်စွာခက်ခဲပါတယ်။ ဥပမာ ဧရာဝတီတိုင်းဒေသကြီးမှ ဟင်္သာတမြို့နယ်၊ တလုတ္တော်ကျေးရွာအုပ်စုဆိုပါက ၂၀၁၃ ခုနှစ် မိုးစပါးချေးငွေပမာဏ ကျပ် ၂၁၅၆ သိန်းရှိပြီး ကချင်ပြည်နယ်မှ မိုးညှင်းမြို့နယ် နန်းမားကျေးရွာအုပ်စုမှာ ကျပ်သိန်းပေါင်း ၃၅၈၂ သိန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ရွာသစ်ကလေးကျေးရွာအုပ်စုမှာ ကျပ်သိန်းပေါင်း ၄၃၈၃ ထုတ်ချေးပေးရပါတယ်။ ဥပမာအနေဖြင့်သာ တင်ပြခြင်းဖြစ်ပြီး ပြည်ထောင်စုတစ်ခုလုံးဆိုပါက ၂၀၁၃ ခုနှစ် မိုးချေးငွေမှာ ကျပ် ၉၃၃.၉၈ ဘီလီယံပေါင်း ထုတ်ချေးရပါတယ်။ မြို့နယ်ဘဏ်ခွဲတစ်ခုမှာဆိုလျှင် ဝန်ထမ်းဦးရေ ၁၀ ဦးကျော်ခန့်ဖြင့် မြို့နယ်ဘဏ်ခွဲ ၂၀၆ ဘဏ်ရှိ ဝန်ထမ်းစုစုပေါင်း ၂၂၀၁ ဦးဖြင့် ငွေချေးပေးသော တောင်သူငယ်သမားဦးရေ ၁.၈ သန်းကျော်ဖြစ်သောကြောင့် ဝန်ထမ်းတစ်ဦးလျှင် တောင်သူလယ်သမား ၈၄၀ ဦးခန့်ကို တာဝန်ယူဆောင်ရွက်ပြီးချေးပေးနေရပါတယ်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေနဲ့ ငွေချေးပေးတဲ့ ကျေးရွာအုပ်စုပေါင်း ၁၀၄၇၃ ခုရှိပြီး ၎င်းကျေးရွာအုပ်စုများသို့ ကွင်းဆင်းသွားရောက်၍ ငွေထုတ်ချေးနိုင်ခြင်းမရှိသော်လည်း မြို့နယ်ဘဏ်ခွဲဖွင့်လှစ်ထားခြင်းမရှိသည့်မြို့နယ်များမှ တောင်သူလယ်သမားများ ငွေထုတ်ချေးရေး လွယ်ကူစေရန် မြို့နယ်ဘဏ်ခွဲတစ်ခုက နီးစပ်ရာပူးတွဲကိုင် မြို့နယ်များသို့ သွားရောက်ငွေထုတ်ပေးလျက်ရှိပါတယ်။ ချေးငွေအမျိုးအစားအလိုက် ငွေထုတ်ချေးတဲ့အချိန်ကာလမှာ သုံးလကျော်ခန့်ရှိရာ ကျေးရွာသို့ကွင်းဆင်းထုတ်ချေးပါက သတ်မှတ်ကာလအတွင်း အချိန်မီထုတ်ချေးနိုင်ရန်မလွယ်ကူပါ။ မြို့နယ်ဘဏ်ခွဲတွင် ထုတ်ချေးပါက တစ်နေ့တည်းတွင် ကျေးရွာအုပ်စု တစ်ခုထက်ပိုမိုပြီး ချိန်းဆိုထုတ်ချေးနိုင်၍ လုပ်ငန်းပိုမိုတွင်ကျယ်စွာဖြင့် အချိန်မီငွေထုတ်ချေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ လက်ရှိအနေအထားမှာ ကျေးရွာများသို့ သွားရောက်ကွင်းဆင်းထုတ်ချေးနိုင်ခြင်းအစီအစဉ် လောလောဆယ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

မူကြမ်း

**ဥက္ကဋ္ဌ**။ ။ မေးခွန်းက စိတ်ဝင်စားစရာကောင်းပါတယ်။ ဖြေလိုက်တဲ့အခါကျတော့ ၁၉၉၃ ခုနှစ်မှ ဒီစနစ်ကိုပြောင်းတယ်လို့ သိရပါတယ်။ ဒါကြောင့်မို့လို့ ၁၉၉၃ မှာ ပြောင်းလိုက်တဲ့အကြောင်း အရင်းမှာ အခုကပြောတဲ့ ရှင်းလင်းတင်ပြချက်တွေပဲလား။ အခြားဘာတွေများရှိသလဲဆိုတာလည်း ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ အလျဉ်းသင့်လို့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် လယ်ယာ၊ ဆည်မြောင်းနဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကော်မတီက စတင်ပြီးပြဋ္ဌာန်း လိုက်တဲ့ တောင်သူလယ်သမားအခွင့်အရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွားမြင့်တင်ရေးဥပဒေ ပြဋ္ဌာန်းပေးတာ ရှစ်လပိုင်း၊ ကိုးလပိုင်း၊ ဆယ်လပိုင်း ၂၀၁၃ ဆယ်လပိုင်းက ဖြစ်တယ်လို့ အကြမ်းဖျင်း မှတ်မိပါတယ်။ ဒီဥပဒေကို နည်းဥပဒေအဖြစ် ပြဋ္ဌာန်းပေးဖို့လည်းဆောင်ရွက်နေပြီလို့ သိရပါတယ်။ အချိန်ကာလအားဖြင့်လည်း အတော်အသင့်ကြာညောင်းသွားပြီဖြစ်တဲ့အတွက် ဒီနည်းဥပဒေအချိန်မီ ထုတ်ပြန်ပေးမှ နည်းဥပဒေနဲ့နောက်ကလိုက်လာမယ့် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်တွေ ရရှိမှာဖြစ် ပါတယ်။ အဲ့လိုရရှိမှသာလျှင် မိမိတို့တောင်သူလယ်သမားအများစုဖြစ်သော မြန်မာနိုင်ငံရဲ့ လူအများစု ကိုအကျိုးစီးပွားကာကွယ်ပေးခြင်း၊ မြှင့်တင်ပေးခြင်းဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီနည်းဥပဒေအပါ အဝင် အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များကိုလည်း အချိန်မဆွဲဘဲနဲ့ အချိန်မီဆောင်ရွက်ပေးနိုင်မှ သာလျှင် ချေးငွေများအပါအဝင် အခြားကိစ္စများ စနစ်တကျဆောင်ရွက်မှာဖြစ်တဲ့အတွက် ဒီကိစ္စကို လည်း တောင်သူလယ်သမားနဲ့ မွေးမြူရေးဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီနဲ့ သက်ဆိုင်ရာဝန်ကြီးဌာနများ နဲ့ညှိနှိုင်းပြီးတော့ သင့်တင့်တဲ့အချိန်လောက်ကို ထုတ်ပြန်နိုင်ရေးအတွက်လည်း ကြိုးစား ဆောင်ရွက် သွားဖို့လို့ပါတယ်။ တကယ်လို့များ အခက်အခဲတွေရှိတယ်ဆိုလို့ရှိရင်လည်း သီးခြားပြန်လည်တင်ပြ ဆောင်ရွက်စေချင်ပါတယ်။ ဆက်လက်ပြီး ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါ တယ်။

**ရွှေဘိုမြို့နယ်အတွင်းရှိ အဆစ်ပိုးကြောင့် စပါးခင်းများပျက်စီးသဖြင့် စိုက်ပျိုးစရိတ်ချေးငွေပေးဆပ်ရ မည့်ကာလကို နောက်ဆုတ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဒေါက်တာအောင်သန်း၊ ရွှေဘိုမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာအောင်သန်း(ရွှေဘိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်း

တိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါးဧကပေါင်း ၁၀၉၈၉၉ ဧကစိုက်ပျိုးခဲ့ပါတယ်။ ရွှေဘိုပေါ်ဆန်းမွှေး အထူးသဖြင့် စပါးခင်းများဟာ အထူးအောင်မြင်သန်စွမ်းချိန်မှာ စပါးနှံများကို အဆစ်ပိုးလို့ခေါ်တဲ့ Stamford Lover တွေဟာဖျက်ဆီးမှုကြောင့်မဟုတ်ဘဲ စပါးခင်းတွေဟာမအောင်မြင်ဘဲ ထွက်ရှိရတဲ့စပါးတင်းရေရဲ့ ၅ ပုံ ၁ ပုံပဲရရှိပါတယ်။ အချို့လယ်သမားများဟာ စပါးရိတ်သိမ်းစရိတ်နှင့် စပါးအထွက်နှုန်းမကာမိတဲ့အတွက် အဲ့ဒီ စပါးခင်းတွေကို လုံးဝမရိတ်သိမ်းနိုင်တော့ဘဲ ပစ်ထားရတဲ့အနေအထားမျိုးရှိပါတယ်။ ယခုကဲ့သို့ အဆစ်ပိုးကြောင့် ရွှေဘိုမြို့နယ်တင်မကပါဘူး။ ဒီပဲယင်း၊ ခင်ဦး၊ ရေဦးမှာလည်း တောင်သူလယ်သမားများဟာ များစွာနစ်နာဆုံးရှုံးလျက်ရှိတဲ့နေရာမှာ စပါးရောင်းရငွေမရနိုင်တော့တဲ့အတွက် စိုက်ပျိုးစရိတ်ချေးငွေတွေကို အချိန်မီပြန်ဆပ်ဖို့အလွန်အခက်အခဲကြုံနေကြရပါတယ်။

သို့ပါ၍ ရွှေဘိုမြို့နယ်အတွင်းရှိ လယ်မြေများ အဆစ်ပိုးကြောင့် စပါးခင်းများပျက်စီးနေခြင်း၊ စိုက်ပျိုးစရိတ်ချေးငွေများ အချိန်မီပြန်လည်ပေးဆပ်နိုင်ခြင်းမရှိသဖြင့် ပေးဆပ်ရမည့်ကာလကို နောက်ဆုတ်ပေးရန် အစီအစဉ်ရှိ/မရှိ သို့မဟုတ် လယ်သမားများအား နိုင်ငံတော်မှ ယခုကဲ့သို့ အခက်အခဲနှင့်ကြုံသည့်အခါမှာ မည်ကဲ့သို့ ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်း မေးမြန်းရခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ရွှေဘိုမြို့ကို ဇန်နဝါရီလ ၂၆ ရက်နေ့က ရောက်ခဲ့စဉ်က ပြည်သူတွေရဲ့ တင်ပြချက်ထဲမှာ ဒီစပါးအဆစ်ပိုးတွေကြောင့်မို့ စိုက်ပျိုးစရိတ်ချေးငွေတွေ နောက်ဆုတ်ပေးခဲ့ဖို့ မှာခဲ့ပါတယ်။ အဲ့ဒီအခါမှာ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးစရိတ်ချေးငွေတွေကို ကာလတစ်ခုထိ နောက်ဆုတ်ပေးဖို့ စီစဉ်နေကြောင်း တောင်သူလယ်သမားများ ဝမ်းသာဖွယ်သိရှိရပါတယ်။ အဲ့ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးဌာနအနေနဲ့ မည်ကဲ့သို့စီစဉ်ထားပါကြောင်း သိရှိလိုပါ၍ ဤလွှတ်တော်မှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအောင်သန်းရဲ့

ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ကျွန်တော်ဆက်လက်ပြီး ဖြေကြားသွားမှာဖြစ်ပါတယ်။ တောင်သူလယ်သမားများ ချေးငွေပြန်လည်ပေးဆပ်ချိန်မှာ ခိုင်လုံသောအကြောင်းကြောင်းကြောင့် ချေးငွေပေးဆပ်ရန်သတ်မှတ်ထားသောကာလအတွင်း ပေးဆပ်နိုင်ခြင်းမရှိလျှင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နည်းဥပဒေအခန်း(၆)၊ ပုဒ်မ ၃၀ အရ ချေးငွေပေးဆပ်မှုရွှေ့ဆိုင်းခွင့်ပြုနိုင်ပါတယ်။

သီးနှံပျက်စီးခြင်းဆိုရာမှာ သဘာဝဘေးအန္တရာယ်နှင့် ကပ်ဘေးတို့ကြောင့် အုပ်စုတစ်ခု လုံး၊ ဒေသတစ်ခုလုံး ပျက်စီးခြင်းတို့ကိုသာ ချေးငွေရွှေ့ဆိုင်းခွင့်ပြုရန်တင်ပြမှုများအတွက် အဓိကအား ဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များရဲ့ သဘောထားမှတ်ချက်လိုအပ်မှာ ဖြစ်ပါတယ်။ ရွှေ့ဆိုင်းပေးဆပ်လိုသော တောင်သူလယ်သမားများက သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ချေးငွေစိစစ်ရေးအဖွဲ့မှတစ်ဆင့် သက်ဆိုင်ရာမြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်မန်နေဂျာထံ တင်ပြပြီး၊ မြို့နယ်မန်နေဂျာ၊ မြို့နယ်ချေးငွေအကြံပေးအဖွဲ့တို့ရဲ့ စိစစ်တင်ပြချက်အပေါ်မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရဲ့ စိစစ်ထောက်ခံချက်ဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ချေးငွေများကိုရွှေ့ဆိုင်းခွင့်ပြုပေးနိုင်ပါတယ်။

အဆိုပါ အဆစ်ပိုးကျရောက်သဖြင့် သီးနှံများထိခိုက်ပျက်စီးမှုကြောင့် လယ်သမားများအား နိုင်ငံတော်အစိုးရမှ မည်သို့ကူညီဆောင်ရွက်ပေးမည်ကို သိရှိလိုပါကြောင်းနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်အတွင်း ၂၀၁၃ ခုနှစ် မိုးစပါးရာသီမှာ ရွှေဘိုပေါ်ဆန်းစပါးစိုက်ခင်း ၉၂၇၆ ဧက အနက် အဆစ်ပိုးများကျရောက်မှုကြောင့် ရွှေဘို၊ ဝက်လက်၊ ခင်ဦးအတွင်းမှာရှိတဲ့ ကျေးရွာအုပ်စု ၄၂ အုပ်စုမှာ အထွက်နှုန်းထိခိုက်တဲ့ ၂၂၅ ဧက အတွက် တစ်ဧကလျှင် ကျပ် ၅၁၀၀၀ နှုန်းနဲ့ ကျပ်သန်းပေါင်း ၁၁.၄၇၅ ကျပ်သန်းကို ထောက်ပံ့ပေးနိုင်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြမှုအပေါ်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ၆-၂-၂၀၁၄ ရက်စွဲပါ စာအမှတ်၊ ၃၀၁/၃၀၈-ထောက်ပံ့၂-၂၂/အဖရ(၂၀၁၄)နဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်စိစစ်ပြီး ဆောင်ရွက်ပေးနိုင်ရန် အကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။

သို့ဖြစ်၍ ရွှေဘိုမြို့နယ်၊ ဝက်လက်မြို့နယ်နှင့် ခင်ဦးမြို့နယ်အတွင်းရှိတဲ့ ကျေးရွာအုပ်စု ၄၂ အုပ်စုမှာ အထွက်နှုန်းထိခိုက်တဲ့ ၂၂၅ ဧကအတွက် တစ်ဧကလျှင် ကျပ် ၅၁၀၀၀ ကျပ်နှုန်းနဲ့ ကျပ်သန်းပေါင်း ၁၁.၄၇၅ ကို နိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေမှ ကျခံထောက်ပံ့ပေးနိုင်ရေး အတွက်ကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဘဏ္ဍာရေးဝန်ကြီးဌာနသို့ သဘော

ထားမှတ်ချက် တောင်းခံဆောင်ရွက်ထားပြီးဖြစ်ပါကြောင်းနှင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ခုနက တောင်သူလယ်သမားအခွင့်အရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွားမြှင့်တင်ရေးဥပဒေထဲမှာလည်း တောင်သူလယ်သမားများ သဘာဝဘေးအန္တရာယ်ကြောင့်၊ မွေးမြူရေးသမားများ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးတာမှန်တယ်ဆိုလို့ရှိရင် သက်ဆိုင်ရာတာဝန်ရှိတဲ့အဖွဲ့ကစိစစ်ပြီး ထောက်ပံ့ကြေငွေများ ပေးနိုင်ဖို့လည်း ဥပဒေနဲ့ပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဥပဒေနဲ့ဖြစ်တဲ့အတွက် ပိုပြီးခိုင်မာစွာဆောင်ရွက်နိုင်မယ့်ကိစ္စဖြစ်တဲ့အတွက် ခုနက တောင်သူလယ်သမားအခွင့်အရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွားကာကွယ်ရေးမြှင့်တင်မှု ဥပဒေဟာ မြန်မာနိုင်ငံအတွက် အထူးသဖြင့်တော့ အင်မတန်မှ အရေးတကြီးလိုအပ်တဲ့ဥပဒေဖြစ်တဲ့အတွက် အခုလိုတင်ပြချက်မျိုးနဲ့လည်း အကျိုးဝင်တဲ့အတွက် ဒီဥပဒေကို အကောင်အထည်ဖော်ဖို့အတွက် နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များဟာ အချိန်မီထုတ်ပြန်ဖို့လိုကြောင်း ထပ်လောင်းပြီးတော့ တင်ပြပါတယ်။

**မြောက်ဦးမြို့နယ်၊ ပြည်သူ့ဆေးရုံကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ခုတင်(၁၀၀)ဆံ့ ဆေးရုံအဆင့်တိုးချဲ့ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးအောင်ထွန်းသာ၊ မြောက်ဦးမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအောင်ထွန်းသာ(မြောက်ဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ အားလုံးမင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ထွန်းသာ ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဖြစ်တဲ့ မြောက်ဦးမြို့တွင် မြို့ပေါ်ရပ်ကွက် ၇ ရပ်ကွက်၊ အိမ်ခြေပေါင်း ၆၁၈၄ အိမ်၊ လူဦးရေ ၃၆၂၃၆ ဦးရှိပြီးတော့ တစ်မြို့နယ်လုံးမှာ ရပ်ကွက်ကျေးရွာအုပ်စုပေါင်း ၁၀၁ အုပ်စုနဲ့ လူဦးရေပေါင်း ၂၂၀၀၀၀ ကျော်ဖြင့် ဖွဲ့စည်းထားတဲ့မြို့နယ်တစ်ခုဖြစ်ပါတယ်။ ယခုအခါ မြောက်ဦးမြို့ကို ခရိုင်မြို့အဆင့်တိုးချဲ့ဖွဲ့စည်းလိုက်ပြီဖြစ်သောကြောင့်

ခရိုင်အဆင့်ဌာနဆိုင်ရာ ဝန်ထမ်းများနဲ့ ၎င်းတို့၏မိသားစုများပါ ရောက်ရှိလာတော့မည်ဖြစ်ရာ မြို့နယ်လူဦးရေမှာ ပိုမို၍များပြားလာပြီ ဖြစ်ပါတယ်။ လူဦးရေများလာသည်နှင့်အမျှ ကျန်းမာရေး စောင့်ရှောက်မှုခံယူမည့်လူများလည်း များလာမည်ဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေတွင် မြောက်ဦးမြို့တွင် ၂၅ ခုတင်ဆံ့ မြို့ပေါ်ဆေးရုံတစ်ရုံနှင့် မြောက်ဦးမြို့မှ တောင်ဘက် ၁၀ မိုင်အကွာရှိ ၁၆ ခုတင်ဆံ့မြောင်းဘွေတိုက်နယ်ဆေးရုံတစ်ရုံရှိပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြောက်ဦးမြို့မှ မြောက်ဘက် ၁၀ မိုင်အကွာရှိ တိမ်ညိုစံပြကျေးရွာ၌ တိုက်နယ်ဆေးရုံ တစ်ရုံတည်ဆောက်ရန် ရန်ပုံငွေပေးဝေချထားပြီးဖြစ်၍ တိုက်နယ်ဆေးရုံနှစ်ရုံရှိလာမည်ဖြစ်ပါသဖြင့် သို့သော်လည်း မြို့နယ်ရှိလူဦးရေနဲ့ဆေးရုံဟာ မျှတမှုမရှိတို့ကြောင့်လည်းကောင်း၊ ကျွမ်းကျင်သော ပါရဂူ အထူးကုဆရာဝန်ကြီးများ မရှိခြင်းတို့ကြောင့်လည်းကောင်း ကျန်းမာရေးစောင့်ရှောက်မှုခံယူကြ ရာတွင် အခက်အခဲများ ကြုံတွေ့ကြရပါတယ်။ မြောက်ဦးမြို့ပေါ်တွင် ရောဂါမျိုးစုံကုသပေးနိုင်သော ခုတင် ၁၀၀ ဆံ့ဆေးရုံကြီးသာရှိခဲ့ပါလျှင် ရန်ကုန်၊ စစ်တွေမြို့များသို့ သွားရောက်ကုသရန်မလိုအပ်ဘဲ ကျွမ်းကျင်ဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ အထူးကုဆရာဝန်ကြီးများဖြင့် အနီးကပ်ကုသမှုခံယူ နိုင်တော့မည်ဖြစ်၍ လူနာများ၊ ရောဂါသည်များ စိတ်ခတ်လုံခြုံမှုလည်း ရှိလာမည်ဖြစ်ပါတယ်။ ၎င်းအပြင် ခရိုင်အတွင်းရှိ အခြားမြို့နယ်များမှ အရေးကြီးလူနာများ၊ ရောဂါစမ်းသပ်ကုသလိုသူများ သည် တစ်စပ်တစ်ဆက်တည်းရှိသော ရန်ကုန်-စစ်တွေကားလမ်းမကြီးမှတစ်ဆင့် အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် လာရောက်ဆေးကု သမှုခံယူနိုင်ကြပြီဖြစ်ပါတယ်။ ထို့ကြောင့် ခရိုင်မြို့အဆင့်နဲ့ လည်းကောင်း၊ မြို့နယ်များရှိလူဦးရေအရ လည်းကောင်း လိုက်လျောညီထွေမှုရှိသည့် ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံကြီး တည်ဆောက်ခွင့်ပြုပေးပါရန် ခရိုင်အတွင်းရှိ မြို့နယ်သူ/မြို့နယ်သားများကလည်း စောင့်မျှော်ကြိုဆိုလျှက် ရှိနေကြပါတယ်။ ဒါ့ကြောင့် ကျွန်တော်မေးလိုတဲ့မေးခွန်းက ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် မြောက်ဦးခရိုင်၊ မြောက်ဦးမြို့ ၌ ကျန်းမာရေးစောင့်ရှောက်မှုတိုးမြှင့်ပေးနိုင်မည့် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး တည်ဆောက်ပေးရန် ကျန်းမာရေးဝန်ကြီးဌာနမှ အစီအစဉ်ရှိပါသလား၊ အစီအစဉ် မရှိသေးပါက မည်သည့်အချိန်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုပါသောကြောင့် ဖြေကြားပေးနိုင် ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းတင်ပြအပ်ပါသည်ခင်ဗျား။ အားလုံး ကျန်းမာချမ်းသာကြပါစေ။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**မူကြမ်း**

**ဒေါက်တာဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါရှင်။ ရခိုင်ပြည်နယ်၊ မြောက်ဦးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ထွန်းသာ၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးကိုယ်စား ကျွန်မ ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးမှ ဖြေကြားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဆေးရုံအသစ်ဖွင့်လှစ်ခြင်း၊ ဆေးရုံခုတင်အဆင့်မြှင့်တင်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနအသစ်ဖွင့်လှစ်ခြင်း၊ ကျေးလက်ကျန်းမာရေးဌာနအသစ်ဖွင့်လှစ်ခြင်းများကို စီမံကိန်းနှစ်အလိုက် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံအား ခုတင် ၁၀၀ ဆံ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ခွင့်ရရှိနိုင် ရေးအတွက် ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်အတွင်း ဖွဲ့စည်းပုံခွင့်ပြုချက်ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ရှင်။ (သြဘာသံများ)

**ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် အမှတ်လျှော့ပေါ့လျက် တက်ရောက်ခွင့်ပြုထားသော ဆရာဝန်သင်တန်းသူ/သားများ မည်မျှတက်ရောက်ခွင့်ရရှိထားသည်၊ မည်သည့်တိုင်းဒေသမှဖြစ်သည်ကို သိလိုပါသည်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ်ကိုယ်စား ဦးဇင်းဝမ်၊ နန်းယွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဇင်းဝမ်(နန်းယွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ ဧည့်သည်တော်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သရင်းနှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ နန်းယွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်းဝမ်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း၏ကိုယ်စား မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖွံ့ဖြိုးမှုနောက်ကျနေသေးသည့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်သင်တန်းကို အမှတ်လျှော့ပေါ့လျက် တက်ရောက်ခွင့်ပြုထားသည်ကို ဒေသခံများကများစွာကျေးဇူးတင်လျက်ရှိကြပါတယ်။ ယင်းသို့ အမှတ်လျှော့ပေါ့ တက်ရောက်

ခွင့်ပြုထားသည်နှင့်ပတ်သက်၍ အောက်ပါမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေစွာမေးမြန်းအပ်ပါတယ်။ မေးခွန်း(၁) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများအတွက် တစ်နှစ်လျှင်သင်တန်းသားအရေအတွက် မည်မျှသတ်မှတ်ထားပါသလည်း။ မေးခွန်း(၂) ၂၀၁၂-၂၀၁၃ ပညာသင်နှစ်နှင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တို့တွင် မည်သည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မည်သည့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့တွင် သင်တန်းသားမည်မျှတက်ရောက်သည်ကို သိရှိလိုပါသဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

[ဦးလှထွန်း၊ ခန္တီးမဲဆန္ဒနယ် ကိုယ်စား ဦးဇင်းဝမ်၊ နန်းယွန်းမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်ကြီးများရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်း၏ မေးခွန်းနှင့် စပ်လျဉ်း၍ ကျွန်မဆက်လက်ဖြေကြားမှာဖြစ်ပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအနေဖြင့် ၂၀၁၂-၂၀၁၃ခု ပညာသင်နှစ်မှစတင်၍ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ၆ ခု နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝ နှင့် နိုင်ငံတော်မှထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍လည်းကောင်း၊ ဆေးပညာကို အမှန်တကယ်ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသော ဆေးပညာရှင်ဆရာဝန်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း အဆိုပါဒေသများမှ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်သူများအနက် သတ်မှတ်ချက်နှင့်ကိုက်ညီသူကျောင်းသား၊ ကျောင်းသူများအား မူလဝင်ခွင့်ပြုအနိမ့်ဆုံးရမှတ်အောက် လျှော့ပေါ့စဉ်းစား၍ အဆင့်ဆင့်ရွေးချယ်ခဲ့ရာ ဆေးတက္ကသိုလ်(မကွေး) ပထမနှစ် M.B.B.S ၁၂/၂၀၁၃-၂၀၁၂ သင်တန်းတွင် ၃၂ ဦးနှင့် ပထမနှစ် M.B.B.S ၁၂/၂၀၁၃ သင်တန်းတွင် ၄၄ ဦး စုစုပေါင်း ၇၆ ဦး တက်ရောက်သင်ကြားခွင့်ရရှိခဲ့ကြပါတယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခုမှ ဆေးတက္ကသိုလ် (မကွေး)သို့တက်ရောက်ခွင့်ရရှိသူများအနေဖြင့် နာဂဒေသမှ ၂၀၁၃ ခုနှစ်တွင် နှစ်ဦး၊

ဓနုဒေသမှ ၂၀၁၃ ခုနှစ်တွင် နှစ်ဦး၊ ပအိုဝ်းဒေသမှ ၂၀၁၂ ခုနှစ်တွင် ငါး ဦး၊ ၂၀၁၃ ခုနှစ်တွင် ငါးဦး၊ ပလောင်ဒေသမှ ၂၀၁၂ ခုနှစ်တွင် တစ်ဦး၊ ၂၀၁၃ ခုနှစ်တွင် တစ် ဦး၊ ကိုးကန့်ဒေသမှ ၂၀၁၃ ခုနှစ်တွင် တစ်ဦး၊ ဝ ဒေသမှ၂၀၁၃ ခုနှစ်တွင်တစ်ဦး စုစုပေါင်း ၂၀ ဦးဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ် ခက်ခဲဒေသများမှ ဆေးတက္ကသိုလ်(မကွေး)သို့ တက်ရောက်ခွင့်ရရှိသူများအနေဖြင့် ကချင်ပြည်နယ်မှ၂၀၁၂ ခုနှစ်တွင် တစ် ဦး၊ ကယားပြည်နယ်မှ ၂၀၁၃ ခုနှစ်တွင် တစ်ဦး၊ ကရင်ပြည်နယ်မှ ၂၀၁၂ ခုနှစ်တွင် လေး ဦး၊ ၂၀၁၃ ခုနှစ်တွင် သုံး ဦး၊ ချင်းပြည်နယ်မှ ၂၀၁၂ ခုနှစ်တွင် ငါး ဦး၊ ၂၀၁၃ ခုနှစ်တွင် ရှစ် ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၂၀၁၂ ခုနှစ်တွင် ၁၂ ဦး၊ ၂၀၁၃ ခုနှစ်တွင် ရှစ် ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၀၁၃ ခုနှစ် တစ် ဦး၊ မကွေးတိုင်းဒေသကြီးမှ ၂၀၁၃ ခုနှစ်တွင် ရှစ် ဦး၊ ရခိုင်ပြည်နယ်မှ ၂၀၁၂ ခုနှစ်တွင် နှစ် ဦး၊ ၂၀၁၃ ခုနှစ်တွင် တစ် ဦး၊ ရှမ်းပြည်နယ်မှ ၂၀၁၃ခု နှစ်တွင် နှစ် ဦးစုစုပေါင်း ၅၆ ဦးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိဆေးတက္ကသိုလ်(မကွေး)သို့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ စုစုပေါင်း ၂၀ ဦးနှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိခက်ခဲဒေသများမှ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၅၆ ဦးအားလုံးစုစုပေါင်း ၇၆ ဦးတို့ တက်ရောက်ခွင့်ရရှိခဲ့ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။(သြဘာသံများ)

**ထီးချိုင့်မြို့နယ်ရှိ တိုင်းရင်းဆေးကုဌာနအား မြို့နယ်ရုံးဆောက်လုပ်ရန် ပေ ၈၀ x ပေ ၆၀ ဧရိယာ၀.၀၉၂ ဧက ချမှတ်ပေးပြီးဖြစ်သည့်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်(သို့) ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် မြို့နယ်ရုံးဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုးစိုး၊ ထီးချိုင့်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒေသခံမိဘပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုအတွက် မေးခွန်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ထီးချိုင့်မြို့နယ်မှာ မြို့နယ်တိုင်းရင်းဆေးကုဌာနကို

၇-၄-၂၀၁၀ ရက်နေ့မှာစတင်ပြီးတော့ ဖွင့်လှစ်ခဲ့ပါတယ်။ စဖွင့်ချိန်မှာ မြို့နယ်သမဝါယမဦးစီးဌာနရုံး အဆောက်အဦးအောက်အခန်းတစ်ခန်းကိုငှားရမ်းပြီး ဖွင့်လှစ်ခဲ့ပါတယ်။ လက်ရှိအခြေအနေမှာတော့ မြို့နယ်စာတိုက်ရုံးဟောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ထားတာကို တွေ့ရှိရပါတယ်။ ဒေသခံမိဘပြည်သူများရဲ့ ကျန်းမာရေးကို စောင့်ရှောက်တဲ့နေရာမှာ လက်ရှိငှားရမ်းထားတဲ့အဆောက်အဦပုံစံအရ အံဝင်ခွင်ကျမဖြစ်တဲ့အတွက် နေရာချထားရေးနဲ့ ကုသရေးမှာအခက်အခဲဖြစ်နေတာကို တွေ့ရှိရပါတယ်။ သက်ဆိုင်ရာဝန်ကြီးဌာနက သတ်မှတ်ပုံစံနဲ့ ခွင့်ပြုဆောက်လုပ်ပေးသွားမယ်ဆိုရင်တော့ နေရာချထားရေးနဲ့ ကုသရေးဆောင်ရွက်ပေးမှုတွေမှာ အဆင်ပြေသွားမယ်လို့ယူဆမိပါတယ်။ မြို့နယ်အနေနဲ့လည်း အဆောက်အဦဆောက်လုပ်ရန်အတွက် ပေ ၈၀x၆၀ ဧရိယာဧက ၀.၀၉၂ ဧက မြေကွက်တစ်ကွက်ကို ချမှတ်ပေးထားပြီးဖြစ်ပါတယ်။ သို့ပါ၍ ထီးချိုင့်မြို့နယ် တိုင်းရင်းဆေးကုဌာန အဆောက်အဦအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် သို့မဟုတ် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်များတွင် ခွင့်ပြုဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုတဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းပြင်းမြို့နယ်တွင် ၂၅ ခုတင်ဆံ့ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဝန်ထမ်းနေအိမ်များနှင့်ဆရာဝန်များ၏ နေအိမ်များအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစိုင်းထွန်းစိန်၊ မိုင်းပြင်းမဲဆန္ဒနယ်မှ ဆက်လက်မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းထွန်းစိန်(မိုင်းပြင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များအားလုံး ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်တော့်အနေနဲ့ မင်္ဂလာမဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပြင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူများရဲ့ ကျန်းမာရေးစောင့်ရှောက်မှုနဲ့ ပတ်သက်ပြီး ကြယ်ပွင့်ပြမေးခွန်းတစ်ခုကို မေးမြန်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပြင်းမြို့ကို လွန်ခဲ့တဲ့ဇန်နဝါရီလအတွင်းမှာ မြို့နယ်ဆရာဝန်ကြီးတစ်ဦး တာဝန်ထမ်းဆောင်ပြောင်းရွှေ့လာတော့မယ်ဆိုတာ သတင်းကောင်းကြားသိရပါတယ်။ အဲ့ဒီဆရာဝန်ကြီးကတော့ သာစည်မြို့နယ် ကပြောင်းလာမယ်လို့လည်း ဝမ်းမြောက်စွာသိရှိရပါတယ်။ အဲ့ဒီတော့ မြို့နယ်

ဆရာဝန်ကြီးကြွရောက်လာမယ်ဆိုတဲ့အခါကျတော့ ကျွန်တော်တို့ မြို့မိမြို့ဖနဲ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ဆရာဝန်ကြီးနဲ့ သူ့ရဲ့မိသားစုနေရေးထိုင်ရေးအတွက် တာဝန်ရှိတဲ့အားလျော်စွာ လူမှုရေးကဏ္ဍကနေပြီးတော့မှ ဆရာဝန်ကြီးရဲ့နေအိမ်ကိုသွားရောက် ကြည့်ရှုခဲ့ပါတယ်။ အဲ့လိုသွားရောက်ကြည့်ရှုတဲ့အခါမှာ ကြမ်းပြင်မှာလည်းဆွေးမြည့်ပြီး ခြတွေစားပြီးပျက်စီးတော့မယ့် အနေအထားတွေ့ရပါတယ်။ ပြတင်းပေါက်တွေလည်းပြုတ်တဲ့ဟာပြုတ်၊ ဘောင်တွေကလည်း ခြစားလိုစားနဲ့ အဲ့ဒီလိုတွေ့ရှိရပါတယ်။ အလားတူ လက်ထောက်ဆရာဝန်များရဲ့ နေအိမ်တန်းလျားကိုလည်းသွားရောက်ကြည့်ရှုပါတယ်။ အဲ့ဒီမှာသွပ်ပြားတွေနဲ့ ဖြစ်သလိုကာ၊ ဖြစ်သလိုမိုးပြီးတော့မှ နေထိုင်ကြရတဲ့အခြေအနေမျိုးတွေ့ရှိရပါတယ်။ ဝန်ထမ်းများမှာလည်း အလားတူစွာပဲ စံချိန်မမီတဲ့သစ်တွေနဲ့ကာပြီး၊ ခင်းပြီးဖြစ်သလိုနေထိုင်ကြရတာကို ဝမ်းနည်းစွာတွေ့ရပါတယ်။ ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့မြို့နယ်ကိုကျန်းမာရေးကဏ္ဍမြှင့်တင်ဖို့ လာရောက်ကြည့်ရှုစောင်မပေးတဲ့ မြို့နယ်ဆရာဝန်ကြီးတွေ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာ၊ ဆရာမများရဲ့ နေရေးစားရေး၊ နေထိုင်သွားရေးအတွက် ကျွန်တော်မေးခွန်းတစ်ခုကို တင်ပြမေးမြန်းလိုခြင်းပဖြစ်ပါတယ်။ အဲ့ဒီမေးခွန်းကတော့ ကျွန်တော်တို့ မိုင်းပြင်းမြို့၊ မြို့နယ်ဆေးရုံဝင်းကြီးအတွင်းမှာရှိတဲ့ မြို့နယ်ဆရာဝန်ကြီးရဲ့နေအိမ်၊ လက်ထောက်ဆရာဝန်များရဲ့နေအိမ်တန်းလျား၊ ဝန်ထမ်းများရဲ့ နေအိမ်တန်းလျားကို အသစ်ပြုပြင်မွမ်းမံဆောက်လုပ်ပေးရန်ရှိ/မရှိ။ ဒါမှမဟုတ် ပြန်လည်ပြင်ဆင်မှု ပြုခြင်းရှိ/မရှိဆိုတာကို ကျွန်တော့်အနေနဲ့ မေးမြန်းတင်ပြလိုခြင်းပဲဖြစ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ပေါင်းတစ်စည်းတည်းဖြေဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်သိန်းသိန်းဌေး(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များရှင်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုးစိုး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ကျွန်မဖြေကြားမှာဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့နယ်၊ တိုင်းရင်းဆေးကုဌာနအား စစ်ကိုင်းတိုင်းဒေသကြီးတိုင်းရင်းဆေးပညာဦးစီးဌာနမှ ဌာနအစီအစဉ်ဖြင့် တွဲဖက်ဆေးခန်းအဆင့်ဖြစ်သော လွန်ခဲ့သော ၄ နှစ်ခန့်က စတင်ဖွင့်လှစ်ခဲ့ပြီး ပင်လယ်ဘူးမြို့နယ် တိုင်းရင်းဆေးကုဌာနမှ ဒုတိယ

လက်ထောက်တိုင်းရင်းဆေးမှူးအား ၁-၆-၂၀၁၂ ရက်နေ့မှစတင်၍ တွဲဖက်တာဝန်ချထားခြင်းဖြစ်ပါတယ်။ ယခင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သဘောတူညီချက်ဖြင့် ထီးချိုင့်မြို့ အမှတ်(၄)ရပ်ကွက်ရှိ ပေ ၆၀ ပတ်လည် မြေပေါ်တွင်အသုံးပြုခွင့်ပေးထားသော်လည်း ဌာနပိုင်မြေဂရန်ရရှိမှုမရှိသေးသဖြင့် ဆောင်ရွက်ဆဲဖြစ်ပါတယ်။ ၎င်းအပြင် အဆိုပါဆေးခန်းအတွက် ဖွဲ့စည်းပုံခွင့်ပြုမိန့်တင်ပြထားခြင်းမရှိသေးပါ။ သို့ရာတွင် ပြည်သူလူထု၏ လိုအပ်ချက်အားသိရှိသည့်အားလျော်စွာ တိုင်းရင်းဆေးပညာဦးစီးဌာနအနေဖြင့် ထီးချိုင့်မြို့နယ်၌ ၁၆ ခုတင်ဆံ့ တိုင်းရင်းဆေးရုံဆောက်လုပ်ရန် ပထမ ၅ နှစ်စီမံကိန်း၏ ၂၀၁၅-၂၀၁၆ ခုနှစ် စီမံကိန်း၌ ထည့်သွင်းရေးဆွဲ၍ ဖွဲ့စည်းပုံခွင့်ပြုမိန့် မြေနေရာနှင့် ရန်ပုံငွေခွဲဝေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။

ဆက်လက်၍ ရှမ်းပြည်နယ်၊ မိုင်းပြင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းစိန်၏ မေးခွန်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်၊ မိုင်းပြင်းမြို့နယ်ပြည်သူ့ဆေးရုံဝင်း အတွင်းရှိ ဝန်ထမ်းနေအိမ်များနှင့် ဆရာဝန်များ၏နေအိမ်များအား အသစ်ဆောက်လုပ်ပြုပြင်ရန်အတွက် မြို့နယ်များ၏လိုအပ်ချက်များကို မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်အထောက်အကူပြု ကော်မတီများနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့နှင့်ညှိနှိုင်း၍ ဒေသန္တရစီမံကိန်းများတွင်လည်း ထည့်သွင်းလျာထားနိုင်ရေးအတွက် ဆောင်ရွက်သင့်ပါကြောင်းအကြံပြုတင်ပြအပ်ပါတယ်။ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက တင်ပြလာသောဒေသန္တရစီမံကိန်းများနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် စီမံကိန်းများကိုစီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့တွင် တင်သွင်းညှိနှိုင်းပြီးအတည်ပြုချက်ရရှိပါက ကျန်းမာရေးဝန်ကြီးဌာနသို့ ခွင့်ပြုသောရန်ပုံငွေဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြေကြားအပ်ပါတယ်။ ထိုကဲ့သို့ တင်နေစဉ်အတောအတွင်း မြို့နယ်ရှိ ကျန်းမာရေးဝန်ထမ်းများနေထိုင်၍ရအောင် ကျွန်မတို့ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာနရဲ့ ပြုပြင်ထိန်းသိမ်းစရိတ်များမှ ကုန်ကျစရိတ်များတွက်ချက်မှုကို မြို့နယ်မှတောင်းခံ၍ ယာယီအားဖြင့်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်ရှင်။ (ဩဘာသံများ)

**သနပ်ပင်မြို့နယ်၊ မင်းရွာကျေးရွာမှ ကျီးပင်စုကျေးရွာသို့ ဆက်သွယ်သည့်မြေသားလမ်းမကြီးအား ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမြင့်ဦး၊ သနပ်ပင်မဲဆန္ဒနယ်မှမေးမြန်းဖို့ဖြစ်ပါတယ်။

**မူကြမ်း**

**ဦးမြင့်ဦး(သနပ်ပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦး ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သနပ်ပင်မြို့နယ်ဟာ ပဲခူးတိုင်းရဲ့အရှေ့ခြမ်း၊ စစ်တောင်းမြစ်ရဲ့အနောက်ဘက်ခြမ်းမှာ တည်ရှိတဲ့အတွက် မြစ်ချောင်း အင်းအိုင်တွေ ပေါများပြီးတော့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါတယ်။ လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အခါမှာ ကျွန်တော်တို့ဒေသခံပြည်သူများရဲ့ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေး ဟာလည်း အစစနောက်ကျလျက်ရှိနေပါတယ်။ နွေကနေပြီးတော့မိုး၊ မိုးကနေဆောင်းအကူး စပ်ကူး မတ်ကူးကာလတွေမှာ မီးမဖွားနိုင်တဲ့ အမျိုးသမီးငယ်တွေ၊ နောက်အရေးပေါ်လူနာတွေဖြစ်လို့ရှိရင် ဆေးရုံကိုအချိန်မီရောက်အောင်မပို့နိုင်တဲ့အတွက် မလိုလားအပ်ဘဲနဲ့ သေဆုံးကြမှုများကိုလည်း ရင်နင့် စွာကြားသိနေရပါတယ်။ အလယ်တန်း၊ အထက်တန်းကျောင်းများရှိတဲ့ရွာကြီးတွေကို မပို့ပေးနိုင်လို့ လေးတန်းနဲ့ကျောင်းထွက်ရတဲ့ကလေးတွေကိုလည်း များစွာတွေ့နေရပါတယ်။ ဒေသထွက်ကုန်များ ရောင်းတဲ့အခါမှာ စရိတ်ကြီးလို့ဈေးလျှော့ရပြီးတော့ ပြန်ဝယ်ရတဲ့ပစ္စည်းများကျတော့ ဈေးကြီးတာကို လည်းတွေ့ရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုတင်ပြတဲ့ မင်းရွာ-ကျီးပင်စုကျေးရွာချင်း ဆက်လမ်း မကြီးဟာ လွန်ခဲ့တဲ့ ၁၀ နှစ်ခန့်ကတည်းက ဆရာတော်၊ သံဃာတော်များ၊ ဒေသခံကျေးရွာများ အသီးသီးက ရပ်မိရပ်ဖများနှင့် ပြည်သူများဟာ လမ်းဖြစ်မြောက်ရေးအတွက် ရှိတဲ့အားနဲ့ လုံးပန်း ဆောင်ရွက်ခဲ့ကြပါတယ်။ သို့သော်လည်း ဒေသခံတောင်သူလယ်သမားများ နှစ်စဉ်လိုလို လယ်ရှုံး ကြွေးတင်တဲ့အတွက် ဖြစ်မြောက်အောင်မလုပ်နိုင်ခဲ့ကြပါဘူး။ ယင်းလမ်းမကြီးကို ဖောက်လုပ်ပေးနိုင် မယ်ဆိုလို့ရှိရင် သနပ်ပင်မြို့နယ်ရဲ့ အရှေ့ခြမ်း ကျေးရွာပေါင်း ၃၀ ခန့်နဲ့ ဝေါဘက်ခြမ်းမှာရှိတဲ့ ကျေးရွာ ၅ ရွာခန့်အတွက်ပါ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကို အလွန်ပဲအကျိုး ဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်။ လမ်းအဖြစ်သာမကဘဲနဲ့ ချောင်းအဖြစ်ပါ တူးပေးနိုင်လို့ရှိရင် မိုးစပါး ရေကြီးနစ်မြုပ်ခြင်းကိုသက်သာစေပြီးတော့ နွေစပါးစိုက်ဧက ထောင်ချီစိုက်ပျိုးနိုင်ဖို့လည်း စိုက်ပျိုးရေရရှိစေမှာဖြစ်ပါတယ်။ သို့ပါ၍ မေးမြန်းလိုတာကတော့ သနပ်ပင်မြို့နယ် မင်းရွာ၊ ကျီးပင်စု ကျေးရွာချင်းဆက် မြေသားလမ်းမကြီးအား ဖောက်လုပ်ပေးပါရန် ပြည်သူများကိုယ်စား တင်ပြ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**မူကြမ်း**

**ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုန်းမြို့နယ်ရှိ မိုင်းပြင်းကျေးရွာအုပ်စုနှင့် နားပုံကျေးရွာအုပ်စုသို့ ဆက်သွယ်ထားသည့် မိုင်းပြင်း-နားပုံလမ်း(၁၃)မိုင်မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန်အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ဦးခွန်သိန်းဖေ၊ ဟိုပုန်းမဲဆန္ဒနယ်က မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်များအားလုံး ဖိတ်ကြားထားတဲ့ အထူးဧည့်သည်များနှင့် ဝန်ကြီးများ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ဟိုပုန်းမဲဆန္ဒနယ်က ဦးခွန်သိန်းဖေဖြစ်ပါတယ်။ ရှမ်းပြည်နယ် ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုန်းမြို့နယ် မြောက်ခြမ်းမှာရှိတဲ့ မိုင်းပြင်းကျေးရွာအုပ်စုနှင့် နားပုံကျေးရွာအုပ်စုတို့ဟာ ဆက်သွယ်သွားလာရေး အလွန်ခက်ခဲတဲ့ ကျေးရွာအုပ်စုများဖြစ်ပါတယ်။ မိုင်းပြင်းကျေးရွာမှာ ခလရ (၂၄၉) တည်ရှိရာကျေးရွာလည်းဖြစ်ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် မိုင်းပြင်းကျေးရွာဟာ အဓိကကျတဲ့ကျေးရွာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မိုင်းပြင်းကျေးရွာအုပ်စုနှင့် နားပုံကျေးရွာအုပ်စုတို့ဆက်သွယ်ထားသော မိုင်းပြင်း-နားပုံလမ်း ၁၃ မိုင် မြေသားလမ်းအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ရန် ပြည်သူများ၏ဆန္ဒအရ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာဝန်ကြီးဌာနက တစ်ပေါင်းတစ်စည်းတည်းပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်မြတ်ဦး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ အားလုံးမင်္ဂလာပေါင်းနှင့်ပြည့်စုံပါစေခင်ဗျား။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦး ဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ဦးမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီးဖြေကြားသွားမှာပါခင်ဗျား။ မေးခွန်းပါလမ်းဖြစ်တဲ့ မင်းရွာကျေးရွာမှ ကျီးပင်စုကျေးရွာအထိလမ်းမှာ အရှည် ၁၅ မိုင်ရှိပါတယ်။ မင်းရွာ

ကျေးရွာမှ အထက်ကျုံပါအထိ ၁၁ မိုင် ရှိပြီးတော့ အထက်ကျုံပါကျေးရွာမှ ကျီးပင်စုကျေးရွာအထိ ၄ မိုင်ရှိပါတယ်။ အထက်ကျုံပါကျေးရွာမှ ကျီးပင်စုကျေးရွာအထိ ၄ မိုင်ကိုတော့ ဆည်မြောင်းဦးစီးဌာနမှ ချောင်းဖြစ်၊ လမ်းဖြစ် တူးမြောင်းဖောက်လုပ်ရန် လျာထားဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မင်းရွာကျေးရွာမှ အထက်ကျုံပါ ကျေးရွာအထိ မြေသားလမ်း ၁၁ မိုင်ဖောက်လုပ်မယ်ဆိုပါက ငွေကျပ် ၁၅၀.၇ သန်း၊ (၁၀၀'x၁၂'x ၁၅') အုတ်ခုံခံသစ်သားတံတား နှစ်စင်းအတွက် ငွေကျပ် ၉၁.၁၂ သန်း၊ (၅၀'x၁၂'x ၁၅') အုတ်ခုံခံတံတားနှစ်စင်းအတွက် ၃၁.၃၂ သန်း၊ ၃' ရေပြွန် ၄ စင်းအတွက် ငွေကျပ် ၇.၃၆ သန်း စုစုပေါင်းကုန်ကျငွေ ၂၈၀.၅ သန်းခန့်ကုန်ကျမည်ဖြစ်ကြောင်း ကျွန်တော်တို့ တွက်ချက်ထားရှိပြီးဖြစ်ပါတယ်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် သနပ်ပင်မြို့နယ်အတွင်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေကျပ် ၂၃၂.၇၁၅ သန်းနဲ့ ကျိုက်ပဒိုင်-တာဝ-ဖလေးလမ်းကျောက်ချောခင်းခြင်း ၂ မိုင်နှင့် သနပ်ပင်-မင်းရွာလမ်းကျောက်ချောခင်းခြင်း ၁ မိုင် ၄ ဖာလုံ၊ သနပ်ပင်-ကလိုင်လမ်းပေါ်မှာ သစ်သားတံတားတစ်စင်းအပါအဝင် အခြားလမ်းများပေါ်ရှိ ရေပြွန် ၁၈ စင်းတည်ဆောက်ခြင်းအတွက် ဆောင်ရွက်ရန် လျာထားခဲ့ပြီးလည်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းလာသော မင်းရွာ-ကျီးပင်စုကျေးရွာချင်း ဆက်မြေသားလမ်းကို ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ ပါဝင်ခြင်းမရှိသေးကြောင်းလည်း ဦးစွာတင်ပြလိုပါတယ်။

ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာမှာ ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုအဖွဲ့ ၎င်းမှတစ်ဆင့် မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုအဖွဲ့၊ ၎င်းမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အဆင့်ဆင့်တင်ပြလာပါက နီးစပ်ရာ ဘဏ္ဍာရေးနှစ်မှာ လျာထားတင်ပြတောင်းခံပြီး ခွင့်ပြုရန်ပုံငွေရပါက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် မင်းရွာ-ကျီးပင်စုလမ်းအား လတ်တလောအနေနဲ့ ရန်ပုံငွေမှာလျာထားခြင်းမရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဆက်လက်ပြီးတော့မှ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ် ဦးခွန်သိန်းဖေရဲ့ မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားသွားမှာဖြစ်ပါတယ်။ မိုင်းပျဉ်းကျေးရွာအုပ်စုနှင့် နားပုံကျေးရွာအုပ်စုကို ဆက်သွယ်တဲ့ မိုင်းပျဉ်း-နားပုံမြေသား လမ်း ၁၃ မိုင်ကို ပထမအဆင့်အနေနဲ့ မြေသားလမ်း

အဆင့်မြှင့်တင်ခြင်းအတွက် ငွေကျပ် ၁၉၅ သန်း ကုန်ကျမှာဖြစ်ပြီး ဆက်လက်ပြီးတော့မှ ကျောက်ချော ခင်းမယ်ဆိုပါက ငွေကျပ် ၇၄၉.၇၁ သန်း၊ လုပ်ငန်းနှစ်ရပ်အတွက် စုစုပေါင်းငွေကျပ် ၉၄၄.၇၁ သန်း ကုန်ကျမှာဖြစ်ကြောင်းတွက်ချက်ထားရှိပြီးဖြစ်ပါတယ်။ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေ စုစုပေါင်းကျပ် ၁၂၈၄.၈၉၉ သန်းနဲ့ ကတ္တရာလမ်း ၅ မိုင်၊ ကျောက်ချောလမ်း ၁၀ မိုင်၊ မြေသား ၂၅ မိုင်၊ သစ်သား တံတား ၅၀၀ ပေနဲ့ ရေပြွန် ၃၅၀ ပေတို့ကို ဆောင်ရွက်ရန်ခွင့်ပြုပေးခဲ့ပြီးလည်းဖြစ်ပါတယ်။

ဟိုပုန်းမြို့နယ်မှာတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ရန်ပုံငွေကျပ် ၃၀၈.၂၂၅ သန်းနဲ့ ဟိုပုန်း- လွယ်အွန့်-စခီးလမ်း ကတ္တရာလမ်း ၁ မိုင် ၂ ဖာလုံ၊ ဟိုပုန်း-ထမ်းဖရား-စမ်းစုတ်လမ်း ကျောက်လမ်း ၂ မိုင် ၄ ဖာလုံ၊ ဟဲလုံ-နောင်ခမ်းလမ်းမြေသားလမ်း ၆ မိုင် ၂ ဖာလုံ၊ သစ်သားတံတား ၁၃၀ ပေနှင့်ရေပြွန် ၁၅ ပေတို့ကိုလည်း လျာထားခွင့်ပြုပေးခဲ့ပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးမေးမြန်း လာသော ဟိုပုန်းမြို့နယ်အတွင်းမှာရှိတဲ့ မိုင်းပျဉ်း-နားပုံလမ်း ၁၃ မိုင်မြေသားလမ်းအဖြစ် အဆင့်မြှင့် ခြင်းနှင့် ကျောက်ချောလမ်းဆောင်ရွက်ခြင်းလုပ်ငန်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ပါဝင်ခြင်း မရှိသေးကြောင်းဖြေကြားအပ်ပါတယ်။

ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့်ပတ်သက်ပြီးတော့မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုက်ရိုက်ချထားပေးခွင့်ပြုပါရန်တင်ပြတဲ့ကိစ္စနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များအတွက် ချထားပေးတဲ့ ဘဏ္ဍာရန်ပုံငွေများကို ထုတ်ပေး ဖို့နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များမှ လုပ်ငန်း စီမံချက်အတိုင်း အချိန်မီပြီးစီးရေး စနစ်တကျဆောင်ရွက်သုံးစွဲသွားစေရန် ပြည်ထောင်စုအစိုးရ အဖွဲ့ရုံးက အကြောင်းကြားထားပြီးလည်းဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မိမိဒေသအတွင်း လိုအပ်ချက် များကို ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များနှင့် ညှိနှိုင်းပြီးတော့ ဆောင်ရွက်နိုင်ပါကြောင်းကို လည်းလေးစားစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနရဲ့ တင်ပြ ရှင်းလင်းချက်တွေ ကောင်းပါတယ်။ သို့ရာတွင် နည်းနည်းပြန်လည်သုံးသပ်ဖို့ပဲလိုပါတယ်။ ဒီနေ့ဒီမှာ ပြည်သူများရဲ့ကိုယ်စားလှယ်များက ပြည်သူများရဲ့အကျိုးစီးပွား သက်ဆိုင်ရာနယ်မြေအလိုက် တင်ပြ

ခြင်းဖြစ်တဲ့အတွက် ဒီလိုတင်ပြချက်ကိုလည်း အလေးထားမှတ်သားဆောင်ရွက်ဖို့လိုပါမယ်။ ခုနက ဖြေတဲ့နေရာမှာ သက်ဆိုင်ရာမြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီများက တင်ပြခဲ့ရင်၊ ဒါကို မြို့နယ်စီမံခန့်ခွဲရေးကော်မတီကတင်ပြခဲ့ရင် အဲ့ဒီတင်ပြချက်တွေပါလာတဲ့အခါမှာ စဉ်းစားဆောင်ရွက်ပေးမယ်ဆိုတဲ့ကိစ္စဟာ ဒီနေ့နိုင်ငံရဲ့တည်ဆောက်ထားတဲ့စနစ်နဲ့ မသွေဖည်ကြောင်းကိုလည်း စဉ်းစားဖို့လိုပါလိမ့်မယ်။ ဒီနေ့ ဒီအခန်းထဲမှာရောက်နေကြတဲ့သူများဟာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပါတယ်။ ပြည်သူများရဲ့ဆန္ဒ၊ ပြည်သူများရဲ့သဘောထား၊ ပြည်သူများရဲ့လိုအပ်ချက်များကို ပြည်သူများကိုယ်စားတရားဝင်တင်ပြနေခြင်းဖြစ်ပါတယ်။ ခုနက သက်ဆိုင်ရာမြို့နယ်မှာရှိကြတဲ့ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုကော်မတီ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီတို့က တင်ပြလာတဲ့ဟာကိုပဲ စဉ်းစားပြီးတော့ အဲ့ဒီကျမှ ဆောင်ရွက်ပေးမယ်ဆိုတဲ့အဖြေဟာ ဒီနေ့ခေတ်၊ ဒီနေ့စနစ်နဲ့ အံဝင်ခွင်ကျရှိ/မရှိ ပြန်လည်သုံးသပ်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များဟာလည်း မိမိလွှတ်တော်နယ်မြေအတွင်းမှာ ပြည်သူများအမှန်တကယ်လိုအပ်နေတဲ့ကိစ္စများကို သေသေချာချာ လေ့လာသုံးသပ်ပြီး အမှန်တကယ်ရရှိရေးအတွက်လည်း မိမိတို့ဘက်က မြို့နယ်အတွင်းမှာရှိတဲ့ လုပ်ငန်းကိစ္စရပ်များကို မိမိတို့ရဲ့အမြင်၊ မိမိတို့ရဲ့သုံးသပ်ချက်နှင့် ဦးစားပေးတင်ပြနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ပေးဖို့လိုပါလိမ့်မယ်။ ကျွန်တော်အခုလိုရှင်းလင်းတင်ပြခြင်းဟာ စနစ်ကို နားလည်ဖို့၊ စနစ်ကိုလက်ခံဖို့၊ ပြည်သူ့ကိုလေးစားဖို့၊ ပြည်သူများကရွေးချယ်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်များကို တန်ဖိုးထားဖို့၊ ထိုနည်းတူစွာပဲ ပြည်သူ့ကိုယ်စားလှယ်များဟာလည်း မိမိတို့ ပြည်သူ့ကိုယ်စားဆောင်ရွက်တဲ့နေရာမှာ မှန်မှန်ကန်ကန်၊ ရဲရဲဝံ့ဝံ့နဲ့ ဆောင်ရွက်ပေးဖို့ဆိုတာလည်း ကျွန်တော်ဒီမှာ အလျဉ်းသင့်လို့တင်ပြချင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊၁၁း၃၀။**

**မူကြမ်း**

**အခမ်းအနားမှူး။** ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာ ပြည်သူလူထုနှင့် ကျောင်းသား/ကျောင်းသူများ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးကိစ္စများအတွက် နေ့စဥ်အသုံးပြုနေကြရသော ကျေးရွာကျောင်းတက်လမ်းအား ကျောက်ချောလမ်းအဖြစ် ခင်းကျင်းပေးနိုင်ရန် အစီအစဥ်ရှိ/မရှိနှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်စောဝေ(ရသေ့တောင်မဲဆန္ဒနယ်)။** ။ အားလုံးမင်္ဂလာပါရှင်။ ကျွန်မက ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စောဝေ ဖြစ်ပါတယ်။ ရိုသေလေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာမှာ လမ်းမကြီးသုံးသွယ်နှင့် လမ်းခွဲ ၁၆ ခုရှိပြီးတော့ ရွာအပြင်မှာ ပေ ၁၆၀၀ ထိ ကျောင်းတက်လမ်း တစ်လမ်းရှိပါတယ်။ ကျေးရွာအတွင်းရှိလမ်းများကို ကျေးရွာအစီအစဥ်ဖြင့်နှစ်စဥ်ပြုပြင်ကြရပါတယ်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ ဧပြီလအထိ ကွန်ကရစ်တံတားသုံးစင်းကို ကျေးရွာလူထုရဲ့ထည့်ဝင်ငွေဖြင့် တိုးချဲ့ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ သို့ရာတွင် ရွာအပြင်ရှိ ကျောင်းတက်လမ်းကို ကျေးရွာအစီအစဥ်ဖြင့် လုပ်ကိုင်နိုင်စွမ်းမရှိပါ၍ မြေသားလမ်းအဖြစ်သာ ပြုပြင်နိုင်ခဲ့ကြပါတယ်။ ယခုအခါ ၎င်းလမ်းမှာ မြေသားလမ်းသာဖြစ်ပြီးတော့ မိုးရာသီမှာ ကျောင်းသားကျောင်းသူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျေးရွာနေ မိဘပြည်သူများနှင့် တိုက်နယ်ပြည်သူ့ဆေးရုံသို့ လာရောက်ပြသကြသောလူနာများမှာ ရွှံ့ဗွက်အိုင်များတွင် သွားရေးလာရေးအခက်အခဲကြုံတွေ့နေကြပါ၍ ကျောက်ချောလမ်းအဖြစ်ခင်းကျင်းပေးနိုင်ပါလျှင် ကျွန်မ၏မဲဆန္ဒနယ်ပြည်သူများအတွက် အဆင်ပြေချောမွေ့သွားမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာကျောင်းတက်လမ်းအား ကျောက်ချောလမ်းအဖြစ်ခင်းပေးနိုင်ရန် အစီအစဥ်ရှိ/မရှိနှင့်အစီအစဥ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးနိုင်ပါမည်။ မရှိပါက မည်သည့်အခက်အခဲကြောင့် အကောင်အထည်ဖော်မပေးနိုင်သည်ကို သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်။(သြဘာသံများ)

**ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ကိုယ့်အားကိုယ်ကိုး မြေသားလမ်းတို့အား ကျောက်ချော လမ်းခင်းပေးရန်နှင့် မိုင်းပွန်ဒေသမှ ဆင်ခြေဖုံးကျေးရွာအုပ်စု လုံအောင်ရွာသွား ကျောက်ချောလမ်း ပေါ်ရှိ တံတားများနှင့်ရေပြွန်များအား တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခင်မောင်သီ၊ လွိုင်လင်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်သီ(လွိုင်လင်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်းနှင့် မင်္ဂလာပါလို့နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌခင်ဗျား။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ် လွိုင်လင်၊ ပင်လုံ၊ မိုင်းပွန်မဲဆန္ဒနယ်တို့မှ ပတ်ဝန်းကျင်ကျေးရွာအုပ်စုများတွင် နေထိုင်ကြတဲ့ ကျေးရွာ မိဘပြည်သူများနှင့်တွေ့ဆုံခဲ့ရာမှာ မိဘပြည်သူများမှ နယ်မြေဒေသအခြေအနေပေါ်မူတည်၍ မိမိတို့ ကျေးရွာများသို့ ကောင်းမွန်စွာသွားလာနိုင်ရန် ကိုယ့်အားကိုယ်ကိုး ကျေးရွာသွားမြေသားလမ်း၊ ကျေး ရွာချင်းဆက်မြေသားလမ်းများကို ဖောက်လုပ်ခဲ့ကြပါတယ်။ ယခုအခါ နယ်မြေဒေသအတွင်း တည်ငြိမ် အေးချမ်းလာပြီဖြစ်ပါ၍ မိမိတို့ကျေးရွာနေမိဘပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန် လည်းကောင်း၊ နယ်မြေအတွင်း တရားဥပဒေစိုးမိုးနိုင်ရန်လည်းကောင်း၊ ဒေသတွင်းဆင်းရဲမှု၊ နွမ်းပါးမှု လျှော့ချနိုင်ရန်လည်းကောင်း၊ ဒေသတွင်းစိုက်ပျိုးထွက်ရှိတဲ့ ဒေသထွက်ကုန်သစ်သီးဝလံများ၊ ပန်းမန် များ၊ ဟင်းသီးဟင်းရွက်များ၊ လက်ဖက်ခြောက်၊ ကြက်သွန်ဖြူ ပဲပုပ်အစရှိတဲ့စိုက်ပျိုးရေးထွက်ကုန်များ ကိုသယ်ယူရာမှာ လျင်မြန်စွာဝင်ထွက်သွားလာလုပ်ရှားနိုင်ရန် အဆင်ပြေချောမွေ့စေရန် ရည်ရွယ် လျက် မိမိတို့ကိုယ့်အားကိုယ်ကိုး ဖောက်လုပ်ထားသောမြေသားလမ်းများကို ကျောက်ချောလမ်းခင်း ပေးပါရန် မိဘပြည်သူများရဲ့အသံ၊ မိဘပြည်သူများရဲ့ဆန္ဒကို သိရှိခဲ့ရပါတယ်။ သို့ဖြစ်ပါ၍ ရိုသေ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် သက်ဆိုင်ရာဌာနသို့ ဒေသခံမိဘပြည် သူများရဲ့ကိုယ်စား အောက်ပါကြယ်ပွင့်ပြမေးခွန်း ငါးခုကိုမေးမြန်းအပ်ပါတယ်။ (က) ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ်၊ မိုင်းပွန်ဒေသမှ နားယမ်းကျေးရွာအုပ်စုအတွင်းရှိ ပြည်ဟေးရွာ၊

နားလယ်ရွာ၊ တွန်ဟိုင်းရွာ၊ တောင်ကြီးဖေးရွာ၊ ကောင်းမှုဘွာရွာ၊ မန်းဟင်ဘင်ရွာ၊ နမ့်မော်ခမ်းရွာ၊ ဆိတ်နန်းရွာ၊ ကြူဆောင်းလမ်းရွာ၊ နားယမ်းရွာတို့နှင့် ကုန်းပတ်ရွာအထိ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသောမြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးနိုင်ရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ (ခ) ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် တောင်ကြီး-လွိုင်လင်ပြည်ထောင်စုလမ်းမှ တောင်နောက် ကျေးရွာအုပ်စုအတွင်းရှိ နောင်ဟင့်ရွာ၊ တောင်နောက်ရွာ၊ နောင်ယာဆိုင်းကျေးရွာအထိ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသောမြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးပါမည်နည်း။ (ဂ) တောင်ကြီး-လွိုင်လင် ပြည်ထောင်စုကားလမ်းမှ ပန်ဝိုးကျေးရွာအုပ်စု ပန်ဝိုးရွာ၊ ဟွေ့ဟောက်ရွာ၊ နောင်တောင်းရွာ၊ နောင်ဟူးကျေးရွာ၊ လွိုင်လင်-ပင်လုံကားလမ်းအထိ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန် အစီအစဉ်ရှိ/ မရှိ သိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်ကိုလည်းသိလိုပါတယ်။ (ဃ) ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ပင်လုံဒေသမှ ပန်မုန့်ရွာ၊ ကာဖီရွာ၊ ကြူပေါ်ရွာ၊ ကြူနိမ့်ရွာ၊ ကောင်းပုံရွာ၊ ထိကဒူးရွာ၊ လွိုင်မွတ်ရွာ၊ နားချိုးရွာ၊ နားတစ်ရွာနှင့် ဆနင်းရွာသွား ကိုယ့်အားကိုယ်ကိုးဖောက်လုပ်ထားသော မြေသားလမ်းအား ကျောက်ချောလမ်းခင်းပေးရန်အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင်ဆောင်ရွက်ပေးပါမည်နည်း။ (င) ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် မိုင်းပွန်ဒေသမှ ဆင်ခြေဖုံးကျေးရွာအုပ်စု လုံအောင်ရွာသွား ကျောက်ချောလမ်းပေါ်ရှိ တံတားများနှင့် ရေပြွန်များအားတည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိသိလိုပါတယ်။ အစီအစဉ်ရှိပါက မည်သည့်အချိန်တွင် ဆောင်ရွက်ပေးပါမည်နည်း။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ် နှစ်ဦးရဲ့မေးမြန်းချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနကတစ်ပေါင်းတစ်စည်းတည်း ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါက်တာအောင်မြတ်ဦး (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ရသေ့တောင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်

ဒေါ်ခင်စောဝေမေးမြန်းတဲ့ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်ခင်ဗျား။ ရသေ့တောင်မြို့နယ်၊ စေတီပြင်ကျေးရွာ ကျောင်းတက်လမ်း ၃ ဖာလုံ မြေသားလမ်းကို ရာသီမရွေး သွားလာစေရန် ကျောက်ချောလမ်းခင်းမယ်ဆိုပါက ငွေကျပ် ၂၁.၁၆၂ သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၆၀၁၃.၄၀၇ သန်းဖြင့် ကတ္တရာလမ်း ၁၆ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်း ၂၇ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၇၇ မိုင် ၆ ဖာလုံ၊ သစ်သားတံတား ၁၇၂၉ ပေ၊ ရေပြွန် ၁၀၂၀ ပေတို့အား ရခိုင် ပြည်နယ်အတွင်း ဆောင်ရွက်ရန် လျာထားခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။

ရသေ့တောင်မြို့နယ်မှာတော့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၇၄.၀၂၈ သန်းဖြင့် စေတီပြင်လမ်း ကတ္တရာလမ်း ၂ ဖာလုံ၊ လောင်းချောင်း-သံချောင်းလမ်း ကျောက်လမ်း ၄ ဖာလုံ၊ မြေသားလမ်း ၁ မိုင် ၄ ဖာလုံနှင့် သစ်သားတံတား ၂၀ ပေ၊ ရေပြွန် ၁၅ ပေတို့အား လျာထား ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ယခုမေးမြန်းလာတဲ့ ရသေ့တောင်မြို့နယ်အတွင်းမှာရှိတဲ့ စေတီပြင်ကျေးရွာ ကျောင်းတက်လမ်း ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ၃ ဖာလုံအား ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ လျာထားထားပါကြောင်းနှင့် လွှတ်တော်ရဲ့အတည်ပြု ချက်ရရှိပါက ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှာ လုပ်ငန်းမှာပါဝင်မှာဖြစ်တဲ့အကြောင်း ရှင်းလင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး လွိုင်လင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သီရဲ့မေးခွန်း နှင့်ပတ်သက်ပြီးဖြေကြားသွားမှာဖြစ်ပါတယ်။ ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ်အတွင်းမှ ကျေးလက်လမ်း ၅ လမ်းကို မေးမြန်းထားခြင်းဖြစ်ပါတယ်။ အဆိုပါလမ်းများအတွက် ကုန်ကျစရိတ်များ ကိုလည်း တွက်ချက်ထားပြီးဖြစ်ပါတယ်။ မိုင်းပွန်ဒေသမှ နားယမ်းကျေးရွာအုပ်စုအတွင်းရှိ ကုန်းပတ် ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းမှာ အရှည် ၂၄ မိုင် မြေသားလမ်းဖြစ်ပြီး ကျောက်ချောခင်းပါက ငွေကျပ် ၁၃၈၄.၀၈ သန်းကုန်ကျမှာဖြစ်ပါတယ်။ တောင်ကြီး- လွိုင်လင် ပြည်ထောင်စုလမ်းမှ တောင် နောက်ကျေးရွာအုပ်စု၊ နောင်ယာဆိုင်းကျေးရွာအထိလမ်းမှာ အရှည် ၆ မိုင်ရှိတဲ့ မြေသားလမ်းဖြစ်ပြီး ကျောက်ချောခင်းပါက ငွေကျပ် ၃၄၆.၀၂ သန်း ကုန်ကျမှာ ဖြစ်ပါတယ်။ တောင်ကြီး-လွိုင်လင် ပြည်ထောင်စုလမ်းမှ ပန်ဝိုးကျေးရွာအုပ်စု၊ နောင်ဟူးကျေးရွာ၊ လွိုင်လင်-ပင်လုံကားလမ်းအထိ လမ်းမှာ အရှည် ၃ မိုင် ၆ ဖာလုံရှိတဲ့မြေသားလမ်းဖြစ်ပြီး ကျောက်ချောခင်းရန်ကုန်ကျငွေမှာ ၂၁၆.၂၆ သန်းဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်၊ ပင်လုံဒေသ၊ နားတစ်ကျေးရွာနှင့် ဆနင်းကျေးရွာအထိ ကိုယ့်အား

ကိုယ်ကိုးမြေသားလမ်းကို ကျောက်ချောခင်းပေးရန်မှာ ကုန်ကျငွေမှာ ကျပ် ၁၃၂၆.၄၁ သန်း ဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်၊ မိုင်းပွန်ဒေသမှ ဆင်ခြေဖုံးကျေးရွာအုပ်စု၊ မိုင်းပွန်- လုံအောင်ကျေးရွာသွား ကျောက်ချောလမ်းပေါ်ရှိ တံတားနှင့်ရေပြွန်များ တည်ဆောက်ပေးရန်မေးခွန်းနှင့် ပတ်သက်လို့တော့ အဆိုပါလမ်းဟာ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့်သက်ဆိုင်တဲ့ မိုင်းပွန်- မိုင်းဆိပ်လမ်းပိုင်းမှာ ပါဝင်နေတဲ့ အတွက်ကြောင့်မို့လို့ ကျွန်တော်တို့ရဲ့စာရင်းမှာ ပါဝင်ခြင်းမရှိကြောင်း ဖြေကြားအပ်ပါတယ်။

ရှမ်းပြည်နယ်အတွင်းမှာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ စုစုပေါင်း ကျပ် ၈၉၃၅.၂၂၃ သန်းဖြင့် ကတ္တရာလမ်း ၃၂ မိုင် ၁ ဖာလုံ၊ ကျောက်ချောလမ်း ၆၇ မိုင် ၂ ဖာလုံ၊ မြေသားလမ်း ၁၅၆ မိုင်၊ သစ်သားတံတား ၃၁၄၃ ပေနှင့် ရေပြွန် ၂၁၀၀ ပေ ဆောင်ရွက်ရန်ခွင့်ပြုခဲ့ပြီးလည်း ဖြစ်ပါတယ်။ လွိုင်လင်မြို့နယ်အတွင်းမှာတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ရန်ပုံငွေကျပ် ၁၀၁.၉၅ သန်းဖြင့် မိုင်းပွန်-ပန်လျှမ်းလမ်း ကျောက်လမ်း ၂ မိုင် ၄ ဖာလုံကို လျာထားခွင့်ပြုခဲ့ပြီးလည်းဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းသော လွိုင်လင်မြို့နယ်အတွင်းကျေးလက်လမ်း ၄ လမ်းအား မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေမှာ လျာထားရေးဆွဲထားခြင်းမရှိသေးပါကြောင်း လေးစားစွာဖြေကြားအပ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ၂၀၁၃ ခုနှစ်၊ စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ကို ဆက်လက်ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေး ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၂၀၁၃ ခုနှစ် စာချွန်တော်အမိန့်လျှောက်ထားမှုဆိုင်ရာဥပဒေကြမ်းကို ၃-၂-၂၀၁၄ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ရက်ကို ထပ်မံကြေညာပါမယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များအပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုတဲ့ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို

တိတိကျကျဖော်ပြ၍ ၂၀-၂-၂၀၁၄ ရက်(ကြာသပဒေး)နေ့နောက်ဆုံးထား၍ စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တင်သွင်းသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက်ဆွေးနွေး၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကတင်သွင်းသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းကို ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး တတိယနေ့ ၃-၁၀-၂၀၁၃ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိပြင်ဆင်လိုတဲ့အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ၊ အချက်အလက်များကို တိကျစွာဖော်ပြ၍ ၇-၁၀-၂၀၁၃ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ကြရန် တောင်းခံခဲ့ပြီးလည်းဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီမှပြင်ဆင်ချက် ၃၂ ချက်၊ ငွေမဲဆန္ဒနယ်မှ ဦးကြည်သာက ပြင်ဆင်ချက်ရှစ်ချက်နဲ့ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်က ပြင်ဆင်ချက်သုံးချက် တင်သွင်းထားပါတယ်။ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဆွေးနွေးအတည်ပြုခြင်းများဆောင်ရွက်ပါမယ်။ ဒီလိုဆွေးနွေးရာမှာ ဥပဒေကြမ်း၏ခေါင်းစဉ်၊ နိဒါန်းမှအစ အပိုဒ်၊ အပိုဒ်ခွဲများနှင့် ဥပဒေကြမ်းတစ်ခုလုံးပါဝင်မှာဖြစ်ပါတယ်။ အပိုဒ်၊ အပိုဒ်ခွဲ အစဉ်လိုက် အတည်ပြုနိုင်ရေးဆောင်ရွက်ရာမှာ ပြင်ဆင်ချက်မရှိပါက မူလအဆိုပြုပြဋ္ဌာန်းချက်အတိုင်း အတည်ပြုနိုင်ရေး တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြင်ဆင်ချက်ရှိသောအပိုဒ်၊ အပိုဒ်ခွဲများအတွက် ဥပဒေကြမ်းကော်မတီနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာအပိုဒ်၊ အပိုဒ်ခွဲအလိုက်ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး လွှတ်တော်ရဲ့ဆန္ဒသဘောထားရယူ၍ ဆုံးဖြတ်အတည်ပြုသွားမှာဖြစ်ပါတယ်။ ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၀ နည်းဥပဒေခွဲ(ဃ)အရ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက် ၃၂ ချက်အား ဥပဒေကြမ်းကော်မတီကတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြု အပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီ ဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ၃၂ အား နည်းဥပဒေ ၁၉၀ အရအဆိုပြု တင်သွင်းသွားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖြန့်ဝေ ထားတဲ့ကန့်လန့်ဖြတ်ဇယားရဲ့ စာမျက်နှာ ၁ အမှတ်စဉ် ၁ ဥပဒေခေါင်းစဉ်း၊ စာမျက်နှာ ၁ အမှတ်စဉ် ၂ အသစ်ဖြည့်စွက်ချက်၊ စာမျက်နှာ ၁ အမှတ်စဉ် ၃ ပုဒ်မ ၂ ပုဒ်မ ခွဲ(က)၊ ကန့်လန့်ဖြတ်ဇယား စာမျက် နှာ ၂ အမှတ်စဉ် ၅ အသစ်ဖြည့်စွက်ချက် ပုဒ်မ ၂ ပုဒ်မခွဲ(ဆ)။

**ဥက္ကဋ္ဌ။** ။ ဒီဥပဒေကြမ်း ကန့်လန့်ဖြတ်ဇယား ပြည်ထောင်စုဝန်ကြီးရော ပေးထားပါ သလား။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)။** ။ ပေးထားပါတယ်။

**ဥက္ကဋ္ဌ။** ။ ဆက်ဖတ်ပါ။ ဆက်တင်ပြပါ။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ စာမျက်နှာ ၂ အမှတ်စဉ် ၈ ပုဒ်မ ၂ ပုဒ်မ ခွဲ(ည)၊ စာမျက်နှာ ၂ အမှတ်စဉ် ၉ အသစ်ဖြည့်စွက်ချက်၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၄ ပုဒ်မ ၅၊ စာမျက် နှာ ၄ အမှတ်စဉ် ၁၅ ပုဒ်မ ၇ ပုဒ်မခွဲ(က)နှင့်(ခ)၊ စာမျက်နှာ ၄ အမှတ်စဉ် ၁၆ ပုဒ်မ ၈၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၇ ပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၈ ပုဒ်မ ၉ ပုဒ်မခွဲ(င)၊ စာမျက်နှာ ၅ အမှတ်စဉ် ၁၉ ပုဒ်မ ၉ ပုဒ်မခွဲ(စ)၊ စာမျက်နှာ ၅ အမှတ်စဉ် ၂၀ ပုဒ်မ ၉ ပုဒ်မခွဲ(ဇ)၊ စာမျက်နှာ ၅ အမှတ်စဉ် ၂၁ ပုဒ်မ ၁၁၊ စာမျက်နှာ ၅ အမှတ်စဉ် ၂၂ ပုဒ်မ ၁၂၊ စာမျက်နှာ ၆ အမှတ်စဉ် ၂၅ ပုဒ်မ ၁၄ ပုဒ်မခွဲ(က)နှင့်(ခ)၊ စာမျက်နှာ ၆ အမှတ်စဉ် ၂၆ ပုဒ်မ ၁၅၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၇ အခန်း(၆) ခေါင်းစဉ်၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၈ ပုဒ်မ ၁၇၊ စာမျက်နှာ ၇ အမှတ်စဉ် ၂၉ ပုဒ်မ ၁၈၊ စာမျက်နှာ ၇ အမှတ်စဉ် ၃၀ ပုဒ်မ ၁၉၊ စာမျက်နှာ ၇ အမှတ်စဉ် ၃၁ ပုဒ်မ ၂၀၊ စာမျက်နှာ ၈ အမှတ်စဉ် ၃၂ ပုဒ်မ ၂၁၊ အမှတ်စဉ် ၃၃ ပုဒ်မ ၂၂၊ အမှတ်စဉ် ၃၄ ပုဒ်မ ၂၃၊ အမှတ်စဉ် ၃၅ ပုဒ်မ ၂၄၊ အမှတ်စဉ် ၃၆ ပုဒ်မ ၂၅၊ အမှတ်စဉ် ၃၇ ပုဒ်မ ၂၅ ပုဒ်မခွဲ(ဂ)၊ စာမျက်နှာ ၉ အမှတ်စဉ် ၃၈ ပုဒ်မ ၂၆၊ စာမျက်နှာ ၁၀ အမှတ်စဉ်

၄၁ ပုဒ်မ ၂၇၊ အမှတ်စဉ် ၄၂ ပုဒ်မ ၂၉၊ အမှတ်စဉ် ၄၃ ပုဒ်မ ၃၁ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ရန်တင်ပြချက် ၃၂ ချက်အား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံကြပါစေရန် လေးစားစွာဖြင့် ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦးဖြစ်ပါတယ်။ ဒီစံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်ပတ်သက်ပြီးတော့ ကျွန်တော်တို့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဟာ သင့်လျော်တဲ့ပြင်ဆင်ချက်များဖြစ်ကြောင်းကို ကျွန်တော်တို့ တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်တဲ့အချက်အလက်များကိုပြင်ဆင်ရန်/ဖို့အတွက် သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက်ကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးက သဘောတူကြောင်း တင်ပြသွားပါတယ်။ လွှတ်တော်အနေနဲ့ ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် ၃၂ ချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားနဲ့ ဆက်လက်ဆောင်ရွက်ပါမယ်။ စာမျက်နှာ ၁ ဖြစ်ပါတယ်။ အမှတ်စဉ် ၄ ကို ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က တင်ပြဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စံချိန်စံညွှန်းသတ်မှတ်ခြင်းအဓိပ္ပာယ်ဖော်ပြချက်မှာ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုသည်မှာ လုပ်ကိုင်ဆောင်ရွက်မည့်ကိစ္စတစ်ခုအတွက် ထုတ်လုပ်သူနဲ့စားသုံးသူများရဲ့အကျိုးဆိုပြီးတော့ မူလရေးထားပါတယ်။ ဒီနေရာမှာ စားသုံးသူဆိုတဲ့စကားလုံးဟာ အစားအစာများနဲ့ပဲ သက်ဆိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ စံချိန်စံညွှန်းဟာ အစားအစာမဟုတ်တဲ့ကိစ္စအများအပြားရှိတဲ့အတွက်ကြောင့် ကျွန်တော်က စားသုံး

သူများဆိုတဲ့ စကားကို သုံးစွဲသူများဆိုတဲ့စကားနဲ့ ကျွန်တော် အစားထိုးခြင်းဖြစ်ပါတယ်။ အဲ့ဒီကိစ္စ ကျွန်တော် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ အဆိုပြုချက်ကို ကန့်ကွက်ရန် ရှိပါသလား။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ မရှိပါဘူး။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးက ကန့်ကွက်ရန်ရှိပါသလား။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီစားသုံးသူများဆိုတာကတော့ ကျွန်တော်တို့အနေနဲ့ စားသုံးသူများရော၊ သုံးစွဲသူများပါ ပါဝင်ပြီးတော့ ကျွန်တော်တို့ General ကျအောင် ရေးသားထားခြင်းဖြစ်ပါတယ်။ ဒါပေမယ့်လည်း ကျွန်တော်တို့ ဒီလိုကြည့်လိုက်တဲ့အခါမှာ ဂွမဲဆန္ဒနယ်က ကိုယ်စားလှယ်ကြီး ဦးကြည်သာ အကြံပြုသလိုပဲ ကျွန်တော်တို့ ရုတ်တရက်ကြည့်လိုက်ရင် အစားအသောက်ဆိုင်ရာကိစ္စရပ်များချည်းပဲလို့ ယူဆစရာလည်း ဖြစ်ပွားလာတာတွေ့ရှိရပါတယ်။ ဒါ့ကြောင့် ကျွန်တော် ထပ်မံပြီးအဆိုပြုလိုတာကတော့ ကျွန်တော်တို့ ဒီစံချိန်စံညွှန်းဆိုင်ရာကိစ္စရပ်များဟာ ကျွန်တော်တို့ အစားအသောက် စားသောက်လို့ရတဲ့ ပစ္စည်းများရော၊ သုံးစွဲလို့ရတဲ့ပစ္စည်းများရော၊ နောက်တစ်ခုကလည်း လိုက်နာဆောင်ရွက်ရမယ့်အချက်အလက်များပါ ပါဝင်တဲ့ကိစ္စ ကျွန်တော်တို့ တစ်နည်းအားဖြင့်ပြောရင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာစံချိန်စံညွှန်းများကအစ ပါဝင်တဲ့ ကိစ္စရပ်များဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ စားသုံးသူများ၊ သုံးစွဲသူများဆိုပြီးတော့ ဖော်ပြလို့ရှိရင် ပိုမိုသင့်လျော်တယ်လို့ ကျွန်တော် ထင်မြင်ယူဆမိပါတယ်။ ကျွန်တော်တို့ ဖြစ်နိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့အနေနဲ့ ဒီစံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ပိုမိုပြီးတော့ အဓိပ္ပာယ်ပေါ်လွင်အောင် စားသုံးသူများ၊ သုံးစွဲသူများလို့ဖော်ပြနိုင်ရေးအတွက် အဆိုပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စားသုံးသူလည်း ဆက်ထားမယ်။ သုံးစွဲသူများလည်း ဆက်ထားမယ်။ ဒါနဲ့ပတ်သတ်လို့ ဦးကြည်သာ။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ကောင်းပါတယ်ခင်ဗျာ။ စားသုံးသူများ၊ သုံးစွဲသူများဆိုပြီးတော့ ရေးမယ်ဆိုတဲ့သဘောပါပဲခင်ဗျ။ အဲ့ဒီသဘောမျိုးဆိုရင် ကျွန်တော် သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ အဲ့ဒီတော့ လွှတ်တော်ပဲ မေးပါတော့မယ်။ ဒီမှာထပ်ပြီးဖြည့်မှာက ထုတ်လုပ်သူများနှင့် စားသုံးသူများ ရေးနည်းက Stock ဆိုရင်ရလား။ ရေးထုံးက ဥပဒေဆိုင်ရာရေးထုံး က စားသုံးသူများ ပုဒ် သို့မဟုတ်လို့ရှိရင် Stock ဘယ်ဟာပိုမှန်မလဲ။ စားသုံးသူများ ပုဒ်၊ သုံးစွဲသူများ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့် ဘယ်လိုရေးမလဲ။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ စားသုံးသူများနှင့် အစာစားသုံးသူများ တစ်ချောင်းဖြတ် ပုဒ်တစ်ချောင်းဖြတ်ပြီး သုံးစွဲသူများ၏အကျိုးအတွက်ဆိုရင် ပြည့်စုံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါ့ကြောင့် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်နဲ့ ပြည်ထောင်စုဝန်ကြီး ရဲ့ ထပ်မံဖြည့်စွက်ချက်အရ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုသည်မှာ အလုပ်အကိုင်ဆောင်ရွက်မည့် ကိစ္စတစ်ခုတွင် ထုတ်လုပ်သူများနှင့် စားသုံးသူများ၊ သုံးစွဲသူများ၏အကျိုးအတွက်နဲ့ပတ်သက် ပြီး ဒီလိုရေးမယ်ဆိုရင် လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ စားသုံးသူများနှင့် သုံးစွဲသူများ။

**ဥက္ကဋ္ဌ**။ ။ ကဲ ဆရာမကြီး ဒေါ်အေးမြင့် အဓိပ္ပာယ်တော့ ပေါက်မယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ အဓိပ္ပာယ်ကတော့ တူပါတယ်။ သို့သော် စကားက ဖောင်းပွသွားပါတယ်။ ထုတ်လုပ်သူများက ထုတ်လုပ်တဲ့ဘက်ကပါ။ စားသုံးသူနဲ့ သုံးစွဲသူက တစ်ဖက်ပါ။ နှစ်ဖက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ဘက်တူတဲ့ စားသုံးများနဲ့ သုံးစွဲသူများကို နှင့် ခံလိုက်လို့ ရှိရင် ရှေ့ကထုတ်လုပ်သူများမှာလည်း နှင့် ပါပြီးသား ဖြစ်နေတဲ့အတွက်ကြောင့် အဲ့ဒီလိုထပ်ဆင့်ပြီး တော့ရင် သုံးမယ့်အစား နောက်က နှင့် သဘောချင်းတူတာကို နှင့် မခံဘဲ ပုဒ်တစ်ချောင်းဖြတ်ခြင်း သည်သာလျှင် ကျွန်မတို့ မြန်မာစာအရေးအထုံးဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ဒါ့ကြောင့် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်နဲ့ ပြည်ထောင်စုဝန်ကြီးရဲ့အဆိုပြု ချက် ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၆။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ စာမျက်နှာ ၁ အမှတ်စဉ် ၄ မှာ အတည် ပြုဖို့ ဦးကြည်သာ တင်ပြတာက စံချိန်စံညွှန်းသတ်မှတ်ခြင်းမှာ ပထမစာကြောင်း၊ ဒုတိယစာကြောင်း

စာကြောင်းနှစ်ကြောင်းပဲဆွေးနွေးနေကြတာ။ ကျွန်တော်တို့ နားထောင်နေလို့ အဲ့ဒီအဆင့်လောက်ပဲ ကျွန်တော်တို့ ဆွေးနွေးနေကြတယ်လို့ထင်ပါတယ်။ ကျနော်တဲ့ဒီဘက်မှာ မူလပြဋ္ဌာန်းချက် စာပိုဒ်၊ စာကြောင်းသုံးမှာ မျှော်ကိုး၍ ဆိုတဲ့စကားလုံးကို ဦးကြည်သာက အကျိုးအတွက် ဆိုပြီးတော့ ပြောင်းလဲပြင်ဆင်ထားတယ်။ နောက်တစ်ချက် Second Last ဒုတိယအဆုံးစာကြောင်းမှာ ကာ ဆိုတဲ့စကားလုံးကို ၍ ဆိုပြီးတော့ ပြောင်းလဲထားတာရှိပါတယ်။ နောက် နောက်ဆုံးစာကြောင်းမှာ လုပ်ငန်းစဉ်ဆိုတဲ့ စကားလုံးကို လုပ်ငန်းများ ဆိုပြီးတော့ ပြင်ဆင်ထားတာရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ အဲ့ဒီအလှည့်ကျတဲ့အခါ ကျွန်တော်တို့လည်း ပါဝင်ဆွေးနွေးစရာရှိမလားလို့ပါ။ အဲ့ဒါလေးတွေလည်း ပြန်ပြီးတော့ တစ်ဆင့်စီ တစ်ဆင့်စီ စာရင်းဇယားပေးဖို့လိုမယ်လို့ လိုမယ်လို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ဒါ့ကြောင့် အခုနက အပေါ်တစ်ပိုင်း စာသုံးသူများ ပုဒ် အပိုင်းကပြီးသွားပြီ။ အခုကျတော့ကား အကျိုးကိုမျှော်ကိုး၍နဲ့ အကျိုးအတွက်ဆိုတာကို ဘာများ ကျွန်တော်တို့ ဆွေးနွေးစရာရှိပါသလဲ။ ကဲ ကျနော်တဲ့လူ ဆွေးနွေးဖို့မရှိဘူးဆိုလို့ရှိရင် ဦးဘရှိန်ကပဲ ဆွေးနွေးပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီအကျိုးအတွက်ဆိုတဲ့ စကားလုံးတွေရယ်၊ နောက် ၍ ဆိုတဲ့စကားလုံးနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ ဆွေးနွေးစရာမရှိပါဘူး။ သို့သော် နောက်ဆုံးစာကြောင်းဖြစ်တဲ့ စံချိန်စံညွှန်းရေးဆွဲသတ်မှတ်သည့် ဆောင်ရွက်မှုလုပ်ငန်းစဉ် ဆိုပြီးတော့ မူလပြဋ္ဌာန်းချက်မှာပါတယ်။ ဦးကြည်သာရဲ့ ပြင်ဆင်ချက်မှာ စံချိန်စံညွှန်းရေးဆွဲသတ်မှတ်သည့် ဆောင်ရွက်မှုလုပ်ငန်းများ ဆိုပြီးတော့ ပြင်ဆင်ထားတာရှိပါတယ်။ လုပ်ငန်းစဉ်ဆိုတာက လုပ်ငန်းတစ်ခုလုံး တောက်လျှောက်လုပ်လာတဲ့လုပ်ငန်း၊ လုပ်ငန်းများဆိုတာက Part By Part၊ Part By ဆိုတဲ့သဘောမျိုး ကျွန်တော်က သဘောပေါက်ပါတယ်။ အဲ့ဒီတော့ ဒီနေရာမှာ လုပ်ငန်းစဉ်လို့ဆိုတဲ့ မူလပြဋ္ဌာန်းချက်မှာပါတဲ့စကားလုံးသည် ဒီပြဋ္ဌာန်းချက်တစ်ခုလုံးအတွက် ပိုပြီးတော့ မှန်ကန်မယ်လို့ ကျွန်တော့်အနေနဲ့က သဘောရပါတယ်။ လုပ်ငန်းများဆိုလို့ရှိရင် ဒီနေရာမှာ ထုတ်လုပ်သူများ၊ သုံးစွဲသူများ၊ စသည် စသည်ဖြင့် ကဏ္ဍအလိုက် ကဏ္ဍအလိုက်ဆို တစ်ခုစီ တစ်ခုစီ ဖြစ်သွားမယ်သဘောမျိုးရှိပါတယ်။ ဒီလုပ်ငန်းစဉ်တစ်ခုလုံး စံချိန်စံညွှန်း ဒီပုဂ္ဂိုလ်တွေပါဝင်ပြီးတော့ စံချိန်စံညွှန်းသတ်မှတ်တဲ့ လုပ်ငန်းတစ်ခုကို အဆုံးအဖြတ်ပေးလိုက်တဲ့အခါမှ ဒီလုပ်ငန်းစဉ် လုပ်ငန်းတစ်ခုပေါ်သွားမယ်။ လုပ်ငန်းစဉ် ဆိုတဲ့စကားလုံးကို သူကပိုပြီးတော့ ကျွန်တော်တို့ ဒီမှာ ပြင်ဆင်တဲ့အခါများ ဘယ်လိုစဉ်းစားခဲ့ကြသလဲတော့မသိဘူး။ အဲ့ဒီတော့ ဦးကြည်သာအနေနဲ့ ပြန်ပြီးတော့ ကျွန်တော်တို့ သဘော

ပေါက်အောင်၊ လွှတ်တော်ကလည်း သဘောပေါက်အောင် ဝန်ကြီးဌာနကလည်း ပြန်စဉ်းစားဖို့အတွက် ကျွန်တော် တင်ပြတာပဲဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က လုပ်ငန်းများလို့ဆိုလိုတာ ကျွန်တော်တို့ စံချိန်စံညွှန်းဥပဒေဟာ နယ်ပယ်ကဏ္ဍအများကြီး များပြားပါတယ်။ စီးပွားလုပ်ငန်းရှိ သလို၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ လျှပ်စစ်၊ ကုန်သွယ်ရေးမှာ စတဲ့ အလေး၊ တင်း၊ တောင်း၊ အချိန် အတွယ်ကအစ ကဏ္ဍတော်တော်များတဲ့အတွက်ကြောင့် ကျွန်တော်က ဆောင်ရွက်သည့်လုပ်ငန်း များ ဆိုပြီးတော့ ကျွန်တော်ရေးသားခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးအနေနဲ့။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော်အနေ နဲ့ကတော့ ဒီအချက်ကို စဉ်းစားတဲ့အခါမှာ ကျွန်တော်တို့ စံချိန်စံညွှန်းသတ်မှတ်သည့်လုပ်ငန်းစဉ်နဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းလုပ်ငန်းများဆိုတဲ့အပိုင်း နှစ်ခု ပါဝင်လာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ ဒီနှစ်ခုကို ကျွန်တော်တို့ စဉ်းစားတဲ့အခါမှာ ဘယ်အချက်က ပိုပြီးတော့ ယေဘုယျကျ ပြီးတော့ ပိုပြီးတော့ အကျုံးဝင်မှုရှိသလဲဆိုတာကို ကျွန်တော်တို့လေ့လာပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဒီလုပ်ငန်းစဉ်သာမက အခြားလုပ်ငန်းများလည်း အကျုံးဝင် ပါဝင်နိုင်အောင်လို့ ကျွန်တော်တို့ဟာ လုပ်ငန်းများအနေနဲ့ ကျွန်တော်တို့ ပြင်ဆင်တာကို ကျွန်တော်တို့ သဘောတူ လက်ခံ ခြင်းဖြစ်ပါတယ်။ အဲ့ဒါက ကျွန်တော်တို့အနေနဲ့ စဉ်းစားတဲ့အချက်ကတော့ ကျွန်တော်တို့ ဥပဒေကို ရေးဆွဲတဲ့အခါမှာတော့ ပိုမိုပြီးတော့ ကျွန်တော်တို့ အကျုံးဝင်မှုပိုမိုများလို့ရှိရင် ပိုပြီးသင့်လျော်တယ် လို့ယူဆတဲ့အတွက် ဆောင်ရွက်မှုလုပ်ငန်းများကို ကျွန်တော်တို့က ပြင်ဆင်တာကို ကျွန်တော်တို့ သဘော တူလက်ခံခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးဘရှိန် အခုကတော့ လုပ်ငန်းစဉ်ဆိုတာကတော့ Process ကိုဆိုလိုတဲ့ သဘောဖြစ်နိုင်ပါတယ်။ လုပ်ငန်းများကျတော့ လုပ်ငန်းအများကြီးရှိတဲ့အတွက် အများဆိုတာ ပိုပြီး တော့သဘာဝကျမယ်။ ဒီဥပဒေနဲ့လည်း လိုက်လျောညီထွေဖြစ်မယ်လို့လည်းယူဆပါတယ်။ ဒါကြောင့် မို့လို့။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုဝန်ကြီးရဲ့ ဆွေးနွေး ချက်ကို ကျွန်တော်တို့လက်ခံပါတယ်။ သို့သော်လည်း ဦးကြည်သာရဲ့ ဆွေးနွေးချက်ကိုလည်း

ကျွန်တော်တို့ လက်ခံပါတယ်။ ဒါပေမယ့်လည်း ဒီလုပ်ငန်းက လုပ်ငန်းနယ်ပယ်ဘယ်လောက်ပဲများများ အဓိပ္ပာယ် သတ်မှတ်တဲ့အခါကတော့ ဘာလုပ်တဲ့အတွက်ကြောင့်လည်း ဘယ်ဝန်ကြီးဌာနပဲဖြစ်ဖြစ် ဝန်ကြီးဌာန တွေဘယ်လောက်ပဲများများ Process ကိုသတ်မှတ်တာလား။ လုပ်ငန်းတစ်ခုချင်းကို သတ်မှတ်တာလား။ သဲသဲကွဲကွဲဖြစ်သွားဖို့လိုတယ်လို့ ကျွန်တော်ကပါဝင်ဆွေးနွေးခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ကတော့ သဘောရိုးနဲ့ အဆုံးအဖြတ်ပြုလိုက်တဲ့အတွက်ကြောင့် တစ်ခါတလေ မလိုအပ်တဲ့အားနည်းချက်တွေရှိသွားမှာ စိုးရိမ်တဲ့အတွက်ကြောင့်တင်ပြခြင်းလည်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီဟာသည် အကြောင်းအရာကိစ္စကိုစဉ်းစားတယ်လို့ပဲထင်ပါတယ်။ လုပ်ငန်းစဉ်ဆိုတဲ့အကြောင်းအရာနဲ့ လုပ်ငန်းများဆိုတဲ့ အကြောင်းအရာကိစ္စကို စဉ်းစားတယ်လို့ထင်ပါ တယ်။ ဒါကြောင့်မို့လို့ ဒီလိုစဉ်းစားတဲ့နေရာမှာ ခုနက ဥပဒေရဲ့အရေးအသားသည် စံချိန်စံညွှန်းဆိုင်ရာဥပဒေနှင့်ပတ်သက်ပြီးတော့ အခုလိုရေးသားလိုက်တဲ့အတွက် အဓိပ္ပာယ်အပြောင်းအလဲများရှိနိုင်သလား။ မရှိနိုင်ဘူးလား။ ဒါကြောင့်ဒီနေရာမှာ ကျွန်တော်တို့လွှတ်တော်မှာလည်း အချိန်ထပ်ပြီး မကုန်ရအောင် ကျွန်တော်တို့ တစ်ခါတည်းပဲ ဆုံးဖြတ်ပါမယ်။ အခု ဒီအရေးအသားနဲ့ပတ်သက်ပြီးတော့ ဒါကိုအရေးအသားကို ကန့်ကွက်တဲ့သူရှိလို့ရှိရင် ကန့်ကွက်နိုင်ပါတယ်။ ဒါကြောင့် ဦးကြည်သာ၊ ဂွမ်ဆန္ဒနယ်နဲ့ ပြည်ထောင်စုဝန်ကြီးတို့ရဲ့ အဆိုပြုမှု၊ ပူးပေါင်းမှုကို အတည်ပြုပြီးပါပြီ။ သို့ရာတွင် ခုနက အရေးအသားနဲ့ပတ်သက်ပြီးတော့ ကန့်ကွက်ရန်ရှိရင် ကန့်ကွက်နိုင်ပါတယ်။ ကန့်ကွက်ရန်မရှိဘူးဆိုလို့ရှိရင်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ပြောခွင့်ပြုပါခင်ဗျား။ ဒီကိစ္စမှာကျွန်တော့်နားလည်ချက်ကတော့ ဒါဟာ ဒီဥပဒေရဲ့ရှေ့ပိုင်းမှာ စကားလုံးတွေကို အဓိပ္ပာယ်ဖွင့်တဲ့အခန်းဖြစ်ပါတယ်။ အဲဒီတော့ အခုစထားတဲ့ စကားလုံး က စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုသည်မှာဆိုတဲ့ ဒီစကားလုံးကို အဓိပ္ပာယ်ဖွင့်တာဖြစ်ပါတယ်။ အဲဒီတော့ စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုသည်မှာဆိုလို့ရှိရင် ကျွန်တော်တို့က ဆောင်ရွက်မှုလုပ်ငန်းစဉ်လို့ပဲ နိဂုံးချုပ်သင့်ပါတယ်။ အဲဒီတော့ ဒီဆောင်ရွက်မှုလုပ်ငန်းများဆိုလို့ရှိရင်တော့ စက်ပစ္စည်းကိစ္စတွေရော၊ စားသုံးတဲ့ကိစ္စတွေရော အများကြီးကိုဆိုလိုတာဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့ဆိုရင်တော့ ဒီနေရာမှာ ဦးဘရှိန်ပြောတဲ့ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုသည်မှာဆိုတာကို အဓိပ္ပာယ်ဖွင့်တာဖြစ်ပြီးတော့ ဆောင်ရွက်မှု လုပ်ငန်းစဉ်ကိုဆိုသည်ဆိုတဲ့ဟာကပဲ ပိုပြီးသင့်တော်မယ်လို့ ကျွန်တော် ယူဆပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်တဲ့အတွက် ဒါကိုလည်း လွှတ်တော်က အတည်ပြုပေးလို့ရှိရင် ဆက်လက်ပြီးတော့လည်း ကျွန်တော်တို့ ပို့ဆောင်စရာတွေလည်းရှိပါတယ်။ အဲဒီကျတဲ့အခါကျလည်း ထပ်ပြီးတော့ ဒီထက်ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်ဖို့ လိုပါမယ်။ ဒါကြောင့်မို့လို့ အခု ကျွန်တော်မေးမယ့်မေးခွန်းက ဆောင်ရွက်မှုလုပ်ငန်းများနဲ့ပတ်သက်ပြီးတော့ ဒီလို ရေးမယ်ဆိုရင် လွှတ်တော်အနေနဲ့ ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်နဲ့ ပြည်ထောင်စုဝန်ကြီးတို့ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်း ထပ်မံကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၆ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စံချိန်စံညွှန်း သတ်မှတ်တဲ့နေရာမှာ မဖြစ်မနေလိုက်နာရမယ့် စံချိန်စံညွှန်း အင်္ဂလိပ်လို **ကွန်ဗက်စတီ** Standard ဆိုတာရှိပါတယ်။ အဲဒီ မူလဥပဒေမှာမပါခဲ့တဲ့အတွက်ကြောင့် ကျွန်တော်က (စျ)မှာ မဖြစ်မနေလိုက်နာမည့်စံချိန်စံညွှန်းဆိုသည်မှာ လူ့ကျန်းမာရေး၊ ပုဂ္ဂလိကပစ္စည်းလုံခြုံရေးနှင့်စပ်လျဉ်း၍ အမျိုးသားစံချိန်စံညွှန်းကောင်စီက ဤဥပဒေအရ မဖြစ်မနေ လိုက်နာရမည်ဟု သတ်မှတ်လိုက်သည့် စံချိန်စံညွှန်းများကိုဆိုလိုသည်ဆိုပြီးတော့ အပိုဒ်တစ်ခုကို ထပ်မံဖြည့်စွက်ခြင်းဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့သဘောထားပြောပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့အနေနဲ့ ဒီစံချိန်စံညွှန်းသတ်မှတ်ခြင်း ဒီဥပဒေကို ရေးဆွဲတဲ့အချိန်မှာတော့ ဒီစံချိန်စံညွှန်းမှာတော့ ဒီနှစ်ခုက အမြဲတမ်းတွဲပြီးတော့ ပါနေတာဖြစ်ပါတယ်။ တစ်ခုကတော့ ကျွန်တော်တို့ မဖြစ်မနေလိုက်နာရမယ့် စံချိန်စံညွှန်းဖြစ်ပါတယ်။ ဒီစံချိန်စံညွှန်းတွေကို မလိုက်နာရင်တော့ ကျွန်တော်တို့က အရေးယူရမှာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ဆန္ဒအလျောက် လိုက်နာနိုင်မယ့် စံချိန်စံညွှန်းတွေရှိပါတယ်။ ဒါကတော့ မဖြစ်မနေ လိုက်နာစရာ မလိုတဲ့အတွက် လိုက်နာရင်လည်းရတယ်။ မလိုက်နာရင်လည်းရတယ်ဆိုတဲ့အဓိပ္ပာယ်မျိုး ကျွန်တော်တို့ကဖော်ပြခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ပထမအကြိမ်မှာ ကျွန်တော့်တို့အနေနဲ့ စံချိန်စံညွှန်းဆိုတဲ့ အဓိပ္ပာယ်သတ် မှတ်ချက်ကရှိပြီးဖြစ်ပါတယ်။ အဲဒီမှာမှ ထပ်ပြီးတော့ မဖြစ်မနေလိုက်နာရမယ့် စံချိန်စံညွှန်းဆိုတာ စံချိန်စံညွှန်းရဲ့ရှေ့မှာ မဖြစ်မနေလိုက်နာရမယ်ဆိုတာတွေကို နောက်မှာ ကျွန်တော်

တို့ဆက်လက်ဖော်ပြတဲ့အခါမှာ ဒါလေးတွေက တာဝန်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ အခုတင်ပြချက်ကိုပြန်လည်စိစစ်တဲ့အခါမှာ စံချိန်စံညွှန်းကိုလည်း ကျွန်တော်တို့က အဓိပ္ပာယ်ဖွင့်ဆိုပြီးဖြစ်ပါတယ်။ ဒီမှာလည်း ထပ်ပြီးတော့ စံချိန်စံညွှန်းနဲ့ပတ်သက်ပြီးတော့ နှစ်ခုကို အဓိပ္ပာယ်ထပ်မံဖွင့်ဆိုထားတယ်ဆိုတာကို ကျွန်တော်တို့တွေ့ရပါတယ်။ တစ်ခုကတော့ မဖြစ်မနေလိုက်နာရမယ့် စံချိန်စံညွှန်းဆိုတာ တစ်ခုရယ်၊ နောက်တစ်ခုကတော့ ဆန္ဒအလျောက်လိုက်နာနိုင်သည့် စံချိန်စံညွှန်း တစ်ခုဆိုတဲ့ဟာကို ကျွန်တော်တို့က အဓိပ္ပာယ်ထပ်မံဖွင့်ဆိုထားတာလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ ဥပဒေရဲ့ဆိုလိုတဲ့အချက်အလက်တွေကို ကျွန်တော်တို့အနေနဲ့ ထိခိုက်စေခြင်းလည်းမရှိပါဘူး။ သို့သော်လည်း ဒီလိုသီးခြားအဓိပ္ပာယ်ဖွင့်ဆိုလိုက်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းမှာလည်း ဒီသီးခြားအဓိပ္ပာယ်ဖွင့်ဆိုချက်ကို ကျွန်တော်တို့က ပိုမိုပြီးတော့ တိကျစွာဖော်ပြနိုင်တယ်ဆိုတဲ့အကြောင်းကို တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီပြင်ဆင်ချက်ကိုလည်း ကျွန်တော်သဘောတူညီပါကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာရဲ့ အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ အဆိုပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၂ အမှတ်စဉ် ၇ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ကျွန်တော်တို့ အမှတ်စဉ် (ည)အဖြစ် ဆန္ဒအလျောက် လိုက်နာနိုင်သည့်စံချိန်စံညွှန်းဆိုသည်မှာ မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းနှင့်အကျုံးမဝင်သော စံချိန်စံညွှန်းများကိုဆိုလိုသည်ဆိုပြီးတော့ ကျွန်တော်ဖြည့်ထားခြင်းဖြစ်ပါတယ်။ စောစောက ပြည်ထောင်စုဝန်ကြီးလည်း ဒီကိစ္စပါဆွေးနွေးပြီးဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ပြည်ထောင်စုဝန်ကြီးရဲ့ ဆန္ဒလည်းမမေးတော့ပါဘူး။ လွှတ်တော်က ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အား ကန့်ကွက်ရန်ရှိပါသလား။ အသစ်ဖြည့်စွက်တာမဟုတ်ဘူးနော်။ ပြင်ဆင်တာလား။ အသစ်ဖြည့်စွက်တာလား။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ အသစ်ဖြည့်စွက်ခြင်းကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ အသစ်ဖြည့်စွက်ခြင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးသောင်းဟန်ကိုယ်စား ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယင်းမာပင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန်ကနေ ပြီးတော့မှ စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီးတော့ ပြင်ဆင်ချက်အဆို သုံးချက်ကို တင်သွင်းထားတာတွေ့ရှိရပါတယ်။ ကျွန်တော့်အနေနဲ့ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်ရဲ့ကိုယ်စား ပြင်ဆင်တင်ပြချက်ကို တင်ပြသွားမှာဖြစ်ပါတယ်။ စာမျက်နှာ ၃ အမှတ်စဉ် ၁၀ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(ဂ) ပြင်ဆင်တင်ပြချက်ကတော့ သွင်းကုန်များနှင့်ထုတ်ကုန်များသည် သတ်မှတ်ထားသည့် စံချိန်စံညွှန်းအောက် မနိမ့်ကျကြောင်းနှင့် လုံခြုံမှုရှိပြီး ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အာမခံခြင်းဖြင့် အဲဒီနေရာမှာ စာမျက်နှာ ၁ က ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်နှင့် ပြည်ထောင်စုဝန်ကြီးက ပြင်ဆင်ထားတဲ့ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)နှင့် လိုက်လျောညီထွေဖြစ်ဖို့အတွက် ဖြည့်စွက်ထားမှာဖြစ်ပါတယ်။ စားသုံးသူများနှင့် သုံးစွဲသူများကို အကာအကွယ်ပေးနိုင်ရန်လို့ ပြင်ဆင်တင်ပြထားပါတယ်။ ပြင်ဆင်တင်ပြချက်အကျိုးအကြောင်းကတော့ မူလပြင်ဆင်ချက်မှာ သွင်းကုန်များဆိုတဲ့နေရာမှာ ထပ်ပြီးတော့မှ ဖြည့်စွက်ထားတာကတော့ နဲ့ထုတ်ကုန်များသည်လို့ စကားရပ်ကိုဖြည့်စွက်ထားပါတယ်။ နောက်ပြီးတော့ ပြင်ဆင်ချက် စတုတ္ထစာကြောင်းမှာ စားသုံးသူများနှင့် သုံးစွဲသူများကို အကာအကွယ်ပေးရန်လို့ ပြင်ဆင်တင်ပြချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့် ရှေ့မှာပြင်ခဲ့တဲ့ စားသုံးသူများနှင့်ဆိုတဲ့စကားလုံး ထပ်တိုးပြီးတော့ စားသုံးသူများနှင့် သုံးစွဲသူများကိုအကာအကွယ်ပေးရန်လို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့် ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပြပေးပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်တို့အနေနဲ့ သွင်းကုန်နှင့်ထုတ်ကုန်များသည်ဆိုတာကို ကျွန်တော်တို့ သဘောတူညီပါသည်ခင်ဗျား။ ဒါက ပိုပြီးတော့ တိကျစွာဖော်ပြနိုင်တဲ့အချက်လည်းရှိပါတယ်။ ပထမတစ်ခုကတော့ ကျွန်တော်တို့ဟာ ထုတ်ကုန်တွေနဲ့ပတ်သက်လို့တော့ ကျွန်တော်တို့ စံချိန်စံညွှန်းသတ်မှတ်တဲ့အခါမှာ မလိုက်နာမနေရ။ ကျွန်တော်တို့ စံချိန်စံညွှန်းတွေနဲ့သတ်မှတ်လိုက်နာလို့ရှိရင်

တော့ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးဟာ ပါဝင်ပြီးဖြစ်ပါတယ်။ သို့သော်လည်း ဒီနေရာမှာ သွင်းကုန်များနှင့်ထုတ်ကုန်များလို့ ထည့်သွင်းလိုက်ခြင်းအားဖြင့် ပိုမိုပြီးတော့ ကောင်းမွန်ပါကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် ဒီလိုပြင်ဆင်တဲ့အချက်ကို ကျွန်တော်တို့ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၁ ဦးသောင်းဟန်ကိုယ်စား ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ စာမျက်နှာ ၃ အမှတ်စဉ် ၁၁ အခန်း(၂) ပုဒ်မ ၃ ပုဒ်မခွဲ(င) သတ်မှတ်ထားသော စံချိန်စံညွှန်းနှင့်မကိုက်ညီသည့် အရည်အသွေး ပြည့်မီခြင်းမရှိသော ကုန်ပစ္စည်းများ၊ ဘေးဥပဒ်မကင်းသော ကုန်ပစ္စည်းများနှင့် ပတ်ဝန်းကျင်ကိုထိခိုက်နိုင်သော ကုန်ပစ္စည်းများထုတ်လုပ်ဖြန့်ဖြူးခြင်းနှင့် နိုင်ငံအတွင်းသို့ တင်သွင်းခြင်းမှ ကာကွယ်နိုင်ရန်လို့ ပြင်ဆင်တင်ပြချက်အရ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီး သဘောတူပါသလား။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ဒီအချက်ကတော့ ကျွန်တော် ခုနကတင်ပြခဲ့တဲ့ ပုဒ်မ ၃ ပုဒ်မခွဲ(ဂ)နဲ့ သဘောတူထားတဲ့တစ်ချက်ဖြစ်ပါတယ်။ သွင်းကုန်အပြင် ထုတ်ကုန်တွေထုတ်လုပ်ဖြန့်ဖြူးခြင်းကိုပါ ထည့်လို့ရှိရင် ဒါပိုမိုသင့်လျော်ပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါကြောင့်မို့လို့ ဘယ်နေရာမှာထပ်ပြီးတော့ ဖြည့်စေချင်တာလဲ။ သွင်းကုန်နဲ့ ထုတ်ကုန်များဆိုပြီးတော့ ဒီအပိုဒ်မှာပဲ ဝန်ကြီးအနေနဲ့ ထပ်ဖြည့်ချင်တာလား။ သို့မဟုတ်ရင် ဒီအတိုင်းပဲထားမှာပါလား။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ဒီအတိုင်းပဲ ဆက်လက်ထားရှိမှာဖြစ်ပါတယ်ခင်ဗျား။ ပြင်ဆင်ချက်အတိုင်းပဲဆက်လက်ထားရှိမှာဖြစ်ပါတယ်။

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါကြောင့် ဦးသောင်းဟန်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်ကကန့်ကွက်ရန်မရှိတဲ့အတွက် ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်ရဲ့အဆိုပြုချက်အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ စံချိန်စံညွှန်းဥပဒေဟာ ကျွန်တော်တို့နိုင်ငံမှာ အတော်နောက်ကျမှ ရောက်ရှိပြီး အချိန်အတော် နောက်ကျပြီဖြစ်နေပါတယ်။ ကျွန်တော်တို့ လွန်ခဲ့တဲ့ နှစ်ပေါင်းတော်တော်ကြာကြာက ပြောရမယ့် ကိစ္စဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်တဲ့အတွက်ကြောင့် နည်းပညာလွှဲပြောင်းပြီး နည်းပညာတီထွင်မှု တို့နဲ့လည်း ပတ်သက်နေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အပိုဒ်တစ်ခုကို အသစ်ဖြည့်ခြင်း ဖြစ်ပါတယ်။ မြန်မာ့အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်နှင့်အညီ မြန်မာနိုင်ငံ၏ စီးပွားရေး၊ လူမှုရေး ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် စံချိန်စံညွှန်းများကိုအသုံးပြု၍ တိုင်းပြည်၏ နည်းပညာလွှဲပြောင်းပေး မှုနှင့် နည်းပညာတီထွင်မှုတို့ကို လွယ်ကူချောမွေ့စေရန်ဆိုပြီး အပိုဒ်သစ်တစ်ခုကို ပိုမိုပြီးကောင်းမွန်စေ အောင် ကျွန်တော်ဖြည့်စွက်လိုခြင်းဖြစ်တဲ့အတွက်ကြောင့် အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ယခုအသစ် ဖြည့် စွက်တဲ့အချက်ဟာလည်း ကျွန်တော်တို့အနေနဲ့ Standard တွေနဲ့သာ ကျွန်တော်တို့လုပ်ပြီးတော့ သုံးလို့ရှိရင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ဆက်သွယ်ရာမှာ နိုင်ငံတွင်းမှာလည်း နည်းပညာလွှဲပြောင်းပေးတာ၊ တီထွင်တာ နိုင်ငံတကာနဲ့ ကျွန်တော်တို့ ဆက်သွယ်ဆောင်ရွက်တဲ့နေရာတွေမှာ များစွာလွယ်ကူ ချောမွေ့စေမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအသစ်ဖြည့်စွက်တဲ့အချက်ဟာလည်း ကျွန်တော်တို့ သင့်လျော် မှုရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအသစ်ဖြည့်စွက်ခြင်းကို သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာရဲ့ ပြင်ဆင်ဖြည့်စွက်ချက်ကို လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ အသစ်ဖြည့်စွက်ခြင်း အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**မူကြမ်း**

**ဥက္ကဋ္ဌ**။ ။ဦးကြည်သာမှ ဆက်လက်တင်ပြဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ အမျိုးသားစံချိန်စံညွှန်းကောင်စီရဲ့ ရည်မှန်းချက်များဟာ အလွန်ကျယ်ပြန့်ပါတယ်။ ဝန်ကြီးဌာန တော်တော်များများနဲ့ပတ်သက်နေပါတယ်။ အဲဒီတော့ တောင်ကိုရီးယားနိုင်ငံမှာဆိုရင် တစ်ချိန်က သမ္မတ ပတ်ချုံဟီးကိုယ်တိုင် ကောင်စီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ခဲ့တယ်လို့ သိရပါ တယ်။ မူလက သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လို့ ရေးထားပါတယ်။ ကျွန်တော် ယခု ပြင်ဆင်တင်ပြတာကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနကိုလည်း ပေးအပ်လို့ရတယ်။ တစ်ခြား မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ဝန်ကြီးဌာနကိုမဆို ပေးလို့ရနိုင်အောင်ဆိုပြီးတော့ ကျွန်တော်တို့က အမျိုးသားစံချိန်စံညွှန်းကောင်စီဖွဲ့စည်းခြင်း တာဝန်နှင့်လုပ်ငန်းများအစိုးရအဖွဲ့သည် (က) အမျိုးသား စံချိန်စံညွှန်းကောင်စီကို အဖွဲ့ဝင် ၃၀ ဦးထက်မပိုသော ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်း ရမည်။ (၁) အစိုးရကတာဝန်ပေးသော ပုဂ္ဂိုလ်တစ်ဦး (ဥက္ကဋ္ဌ)၊ (၂) ဝန်ကြီးဌာနမှ ကိုယ်စားလှယ် များ(အဖွဲ့ဝင်များ)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များ (အဖွဲ့ဝင်များ)၊ အခြား သင့်လျော်သော ပုဂ္ဂိုလ်များ(အဖွဲ့ဝင်များ)၊ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်များ (အဖွဲ့ဝင်များ)၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ် (အတွင်းရေးမှူး)ဆိုပြီးတော့ ကျွန်တော်ပြန်ပြီး ပြင်ဆင်ရေးဆွဲတင်ပြခြင်းဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ ဒီမှာ ဥက္ကဋ္ဌအဖြစ် စံချိန်စံညွှန်းကောင်စီမှာ ကျွန်တော်တို့ မူကြမ်းရေးဆွဲစဉ်က ထည့်သွင်းရေးဆွဲထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ အဓိကအကြောင်းအရင်း ကတော့ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနဟာ သူရဲ့ မြန်မာ့သိပ္ပံနှင့်နည်းပညာဖွံ့ဖြိုးရေး ဥပဒေမှာ သူရဲ့တာဝန်ဝတ္တရားထဲမှာ စံချိန်စံညွှန်းသတ်မှတ်ခြင်းကိုလည်း ကျွန်တော်တို့ ထည့်သွင်း ဖော်ပြထားဖို့ရှိပါတယ်။ ဒါကြောင့်မို့လို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အောက်မှာရှိတဲ့ မြန်မာ့သိပ္ပံနှင့် နည်းပညာသုတေသနဦးစီးဌာနဟာ စံချိန်စံညွှန်းဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟာ ဥက္ကဋ္ဌဆိုပြီးတော့ ကျွန်တော်တို့

ဒါရေးဆွဲပြီးတော့ တင်ပြခဲ့ခြင်းဖြစ်ပါတယ်။ သို့သော်လည်း ယခုပြင်ဆင်တာကတော့ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ပုဂ္ဂိုလ်တစ်ဦးဟာ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တာ ပိုမိုပြီးတော့ သင့်လျော်ပါတယ်။ ကျွန်တော်တို့ တာဝန်ပေးသင့်တဲ့ပုဂ္ဂိုလ်ကို တာဝန်ပေးနိုင်တဲ့ကိစ္စတစ်ခုဖြစ်တဲ့အတွက် ပြောင်းလဲမှုကိုလည်း ကျွန်တော်သဘောတူပါကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခုကတော့ ကျွန်တော်တို့အနေနဲ့ အခြားသင့်လျော်သောပုဂ္ဂိုလ်များနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်များဆိုတာရှိပါတယ်။ အဖွဲ့ဝင်တွေ။ ဒါကိုတော့ ကျွန်တော်တို့ နံပါတ်(၄)နဲ့ (၅)မှာ ဖော်ပြထားတာရှိပါတယ်။ အခန်း(၃) ပုဒ်မ ၄ ကျွန်တော်တို့ နံပါတ်(၄)နဲ့ (၅)မှာ အခြားသင့်လျော်သောပုဂ္ဂိုလ်များနှင့် ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်များကတော့ ဒီနှစ်ချက်ကိုပေါင်းပြီးတော့ တစ်ခုတည်းအနေနဲ့ ဖော်ပြနိုင်မယ်ဆိုရင်လည်း ကျွန်တော်တို့ ပိုမိုသင့်လျော်မယ်လို့ယူဆပါတယ်။ ထင်ပေါ်ကျော်ကြားဂုဏ်သတင်းရှိသည့် သင့်လျော်သောပုဂ္ဂိုလ်များဆိုရင်လည်း ကျွန်တော်တို့အနေနဲ့ ဒါအဓိပ္ပာယ်မပျောက်ဘူးလို့ ကျွန်တော်တို့ ယူဆလို့ရပါတယ်။ ဒါမှမဟုတ်လည်း ထင်ပေါ်ကျော်ကြားသည့်ဂုဏ်သတင်းရှိသော ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များလို့ ကျွန်တော်တို့ထည့်သွင်းရင်လည်း ဒါကျွန်တော်တို့ ဖြစ်နိုင်မယ်လို့ယူဆပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါကတော့ တစ်သီးပုဂ္ဂလအနေနဲ့ သူရဲ့လုပ်ငန်းဆိုင်ရာအရ နာမည်ကျော်ကြားတဲ့လူတွေ ဒီလုပ်ငန်းကို ကျွန်တော်တို့အနေနဲ့ တစ်စိုက်မတ်မတ်ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်များဆိုတဲ့ သဘောပေါက်ပါတယ်။ နံပါတ်(၃)မှာ ဖော်ပြထားတဲ့ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ကိုယ်စားလှယ်များကျတော့ သူက အဖွဲ့အစည်းတစ်ခုခုကို ကိုယ်စားပြုနေတာ ဖြစ်ပါတယ်။ နောက် အခြားသင့်လျော်သောပုဂ္ဂိုလ်များနဲ့ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်များဆိုတာကတော့ ကျွန်တော်တို့အနေနဲ့ ပုဂ္ဂိုလ်တစ်ဦးချင်းကိုဖော်ပြတဲ့ အချက်ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီပုဒ်မခွဲမှာရှိတဲ့ နံပါတ်(၄)နဲ့ (၅)ကိုပေါင်းပြီးတော့ သီးခြားပုဂ္ဂိုလ်တစ်ဦးချင်းအလိုက် သင့်လျော်တဲ့ပုဂ္ဂိုလ်များကိုလည်း ထည့်သွင်းခန့်ထားနိုင်ရေးဆောင်ရွက်ထားတဲ့အခြေအနေ ရှိပါတယ်။ သို့သော်လည်း ဒီမှာလည်း ကျွန်တော်တို့က လူဦးရေကို ၃၀ လို့သတ်မှတ်ထားပါတယ်။ ဒါပေမယ့် ဒီမှာဖော်ပြထားတဲ့အထဲမှာ ကိုယ်စားလှယ်ရဲ့အချိုးအစားလည်း ထည့်သွင်းဖော်ပြထားတာ မဟုတ်တဲ့အတွက်ကြောင့်မို့လို့ ဒီနှစ်ချက်ကိုပေါင်းပြီးတော့ အဖွဲ့ဝင်များအနေနဲ့ တစ်ခုတည်းပေါင်းဖော်ပြသင့်ပါကြောင်း ကျွန်တော်တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဒါကြောင့် စာမျက်နှာ ၄ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်စာပိုဒ်မှာရှိတဲ့ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းမှ ကိုယ်စားလှယ်များ၊

အပိုဒ်ခွဲငယ်(၄)နဲ့ အပိုဒ်ခွဲငယ်(၅)ကို ပေါင်းပြီးရေးပါမယ်။ ဒါ့ကြောင့်မို့လို့ ဆရာမကြီးဒေါက်တာဒေါ်အေးမြင့် နှစ်ခုကိုပေါင်းပြီးတော့ အဓိပ္ပာယ်ပေါက်မြောက်အောင်ရေးပေးပါ။ ထပ်ပြီးဆွေးနွေးပေးပါ။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ စာမျက်နှာ ၄၊ အပိုဒ်ခွဲငယ်(၄) နဲ့ (၅) မှာ ထင်ပေါ်ကျော်ကြားသည့်အခြားသင့်လျော်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂိုလ်များဆိုရင် အဓိပ္ပာယ်ပေါ်လွင်ပါတယ်။ ထင်ပေါ်ကျော်ကြားသည့်အခြားသင့်လျော်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂိုလ်များပါသည်နှစ်လုံးကြားမှာသောနဲ့။

**ဥက္ကဋ္ဌ**။ ။ အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ဆက်ဖတ်ပါ။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ထင်ပေါ်ကျော်ကြားသည့် အခြားသင့်လျော်သော ဂုဏ်သတင်းရှိ

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့်မို့လို့ အပိုဒ်ခွဲငယ်(၄) ကို ဖြုတ်မယ်။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ထင်ပေါ်ကျော်ကြားသည့် အခြားသင့်လျော်သော ဂုဏ်သတင်းရှိသည့် ပုဂ္ဂိုလ်များ သည့်ပါ။

**ဥက္ကဋ္ဌ**။ ။ ဦးကြည်သာ။

**ဦးကြည်သာ(ဝွမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခြားသင့်လျော်သော ပုဂ္ဂိုလ်တွေက ထင်ပေါ်ကျော်ကြားတဲ့ ဂုဏ်သတင်းရှိတယ်လို့ ဖြစ်ချင်မှဖြစ်မှာ။ အဲ့ဒီနှစ်ခုတော့ ဆရာမကြီးနည်းနည်းလေး ခွဲပြီးရေးပေးပါ။ အခုဆရာမကြီးပြောတဲ့အတိုင်းဆို ထင်ပေါ်ကျော်ကြားရှိတဲ့ ဂုဏ်သတင်း၊ အခြားသူက ထင်ပေါ်ကျော်ကြားတာနဲ့ ရောများရောသွားမလားလို့။ ကျွန်တော်တို့ ဆိုလိုတာက အခြားသင့်လျော်သောပုဂ္ဂိုလ်ဟာ ထင်ပေါ်ကျော်ကြားခြင်းမရှိပေမယ့်ဒီလုပ်ငန်းနှင့်ပတ်သက်လျှင် ကျွန်တော်တို့က ထည့်ချင်တဲ့သဘောပါ။

**ဥက္ကဋ္ဌ**။ ။ ဒီလိုဆိုရင် ကျွန်တော်ရေးကြည့်ပါမယ်။ နှစ်ခုပေါင်းပေါ့။ အခြားသင့်လျော်သောပုဂ္ဂိုလ်များကို ဖျက်ပါမယ်။ ထင်ပေါ်ကျော်ကြားသည့် ဂုဏ်သတင်းရှိသောပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သောပုဂ္ဂိုလ်များ ကောင်းပါတယ်ဆိုရင် ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန်

ရှိပါသလား။ မရှိတဲ့အတွက် အခုပြင်ဆင်ပြောင်းလဲချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယား စာမျက်နှာ ၆၊ အမှတ်စဉ် ၂၃ ဦးကြည်သာ၊ ငွမ်ဆန္ဒနယ် ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးကြည်သာ(ငွမဲဆန္ဒနယ်)**။ ။ နံပါတ် ၁၃ ကို ကျွန်တော်ပြင်ဆင်ရန် တင်ပြရခြင်းဟာ ကောင်စီ ဟာဒီသဘောထားဥပဒေသတ်မှတ်ချက်တွေကို စိစစ်ရုံဘဲဖြစ်တဲ့အတွက်ကြောင့် ထုတ်ပေးဖို့သဘော တူတယ်၊ ငြင်းပယ်နိုင်တယ်၊ ဒါပေမယ့် ဒီအလုပ်ကို သူကဆုံးဖြတ်ပြီးတော့မှ ဦးစီးဌာနကို အကြောင်း ကြားရင် ဦးစီးဌာနက အလုပ်လုပ်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီဟာကို ကွဲပြားခြားနားရန်အတွက် ကောင်စီ သည်ဦးစီးဌာန၏ သဘောထားမှတ်ချက်ကို စိစစ်သုံးသပ်၍ အသိအမှတ်ပြုလွှာထုတ်ပေးရန် သို့မဟုတ် ငြင်းပယ်ရန်ဆုံးဖြတ်ပြီး ကော်မတီမှတစ်ဆင့် ဦးစီးဌာနသို့ အကြောင်းကြားရမည်။

နောက်နံပါတ် ၁၄ က အသိအမှတ်ပြုလွှာရသည့် ဌာနအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များသည် အသိအမှတ်ပြုကြောင်း အမှတ်တံဆိပ်ကို သုံးစွဲခွင့်ရှိသည်ဆိုတဲ့ အချက်တစ်ချက်ကို အသစ်ထပ်မံ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဒေါက်တာဦးကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ ဒီပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ချက်များဟာ ကျွန်တော်တို့အနေနဲ့ ဥပဒေရဲ့ မူရင်းဆိုလိုချက်ကိုလည်း မပျက်ပြယ်စေဘဲနဲ့ ပိုမိုပြီးတော့ တိကျစွာတွေ့ရှိရတဲ့အတွက် ကျွန်တော်တို့ သဘောတူညီပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ့ကြောင့် ဦးကြည်သာ၊ ငွမဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆိုပြုချက်ဖြစ်တဲ့ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅ နှင့် ပတ်သက်ပြီးတော့ လွှတ်တော်က ကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန် မရှိတဲ့အတွက် ဦးကြည်သာ၊ ငွမဲဆန္ဒနယ်ရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များ အတည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၉၊ အမှတ်စဉ် ၃၉ ဦးကြည်သာ၊ ငွမဲဆန္ဒနယ်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခန်း (၁၀) ဘဏ္ဍာရေးကိစ္စနှင့်ပတ်သက်ပြီး ဖြည့်စွက်ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီကော်မတီ အနေနဲ့ နိုင်ငံတော်ရဲ့ ရန်ပုံငွေအထောက်အပံ့ကို ဆောင်ရွက်သလို မိမိရဲ့ရန်ပုံငွေနဲ့လည်း ရပ်တည်နိုင်အောင်ဆိုပြီးတော့ ကျွန်တော်တို့ ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းလေးကို ကျွန်တော်ထည့်သွင်းရေးဆွဲခြင်းဖြစ်ပါတယ်။ အခန်း(၁၀) ဘဏ္ဍာရေး၊ ပုဒ်မ ၂၉ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိ၏ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်။ (က) စံချိန်စံညွှန်းများ၊ သက်ဆိုင်ရာစာရွက်စာတမ်းများနှင့် အခြားစာအုပ်စာတမ်းများကို ရောင်းရငွေများ၊ (ခ) အဖွဲ့ဝင်ကြေးများ၊ (ဂ) ဝန်ဆောင်မှုအတွက် ရရှိငွေများ၊ (ဃ) နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေများမှ ထောက်ပံ့ငွေများ၊ နောက်ပုဒ်မ ၃၀ အနေနဲ့ ကော်မတီ၏ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အစိုးရအသိအမှတ်ပြုစာရင်းစစ်များမှစစ်ဆေး၍ စာရင်းစစ်အစီရင်ခံစာကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဘဏ္ဍာရေးနှစ်အလိုက်တင်သွင်းရမည်ဆိုတဲ့ ပုဒ်မ ၂ ခုကို ကျွန်တော့်အနေနဲ့ ဖြည့်စွက်ခြင်းဖြစ်တာကို လွှတ်တော်မှ အတည်ပြုနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ဒီဖြည့်စွက်ချက်နဲ့ ပတ်သက်ပြီးတော့ ဒီစံချိန်စံညွှန်းလုပ်ငန်းကော်မတီအနေနဲ့ ဒီရန်ပုံ ငွေကိစ္စတွေကို ကျွန်တော်တို့ ဖော်ပြထားတာတွေ့ရပါတယ်။ သို့သော်လည်း ကျွန်တော်တို့ရဲ့ အစိုးရအဖွဲ့တွေရဲ့ ဌာနဆိုင်ရာ ဘဏ္ဍာရေးဆိုင်ရာကိစ္စတွေကတော့ ကျွန်တော်တို့ ဒီလုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ကျွန်တော်တို့ အနေနဲ့ကတော့ ရငွေများ၊ နိုင်ငံတော်ရဲ့ ရငွေစာရင်းကိုသွင်းပြီးတော့ ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြီးတော့ ထုတ်ယူပြီးတော့ ပြန်လည်သုံးစွဲရတဲ့သဘောဖြစ်ပါတယ်။ သို့သော်လည်း ဒီစံချိန်စံညွှန်းလုပ်ငန်းကော်မတီကတော့ ဒီကောင်စီရဲ့အောက်မှာရှိတဲ့ လုပ်ငန်းကော်မတီဖြစ်တဲ့အတွက် မြန်မာ့သိပ္ပံနှင့်နည်းပညာသုတေသနဦးစီးဌာနမှာရှိတဲ့ ရန်ပုံငွေစာရင်းနဲ့သွားရောက်ပြီးတော့ သက်ဆိုင်နေတဲ့ အခြေအနေမျိုး ဖြစ်ပေါ်နိုင်တဲ့အခြေအနေမျိုးရှိပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီရဲ့သတ်မှတ်ချက်ဟာ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနဲ့ ညီညွတ်စွာဆောင်ရွက်နိုင်တဲ့ အချိန်ကျမှသာလျှင် ဒီကိစ္စများကို ဆောင်ရွက်သွားဖို့ ဖြစ်မှာဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီအချက်လေးတစ်ခုကို ကျွန်တော် ဖြည့်စွက်လိုပါတယ်။ အဲ့ဒါကတော့ မိမိရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်ပြီး သက်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားရမည်ဆိုတာလေး ကျွန်တော်တို့ ထည့်သွင်းလိုက်ရင်

**မူကြမ်း**

တော့ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများအနေနဲ့ ဆောင်ရွက်နိုင်တဲ့အချိန်ကျရင်တော့ ကျွန်တော်တို့က ဒါဆောင်ရွက်သွားနိုင်မယ့် အခြေအနေရှိပါသည်။ ဒါမှမဟုတ်ရင်လည်း ဒီရဲ့ဥပဒေအရ စံချိန်စံညွှန်းလုပ်ငန်းကော်မတီဟာ ဒီရဲ့ဘဏ္ဍာငွေဆိုင်ရာကိစ္စရပ်များကို သီးခြားကျွန်တော်တို့က ခုဆိုရင် ရငွေတွေကို နိုင်ငံတော်ဘဏ္ဍာကို ထည့်သွင်းခြင်းမဟုတ်ဘဲနဲ့ မိမိရဲ့သီးခြားရန်ပုံငွေထားပြီးတော့ ကျွန်တော်တို့ ရပ်တည်သွားရမယ့် အခြေအနေမျိုးရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာလုပ်ထုံးလုပ်နည်းများနဲ့ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီဆိုတာလေး ကျွန်တော်ထပ်မံပြီးတော့ ဖြည့်စွက်လိုပါကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ဘယ်နေရာမှာဖြည့်စွက်ချင်ပါသလဲ။ တစ်ခါတည်း အကြံပြုပေးပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိ၏ရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်နိုင်ပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနဲ့အညီ သုံးစွဲသွားရမည် ဆိုတာကျွန်တော်တို့ ထပ်မံဖြည့်စွက်လိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဓိပ္ပာယ်ကိုတော့ ဦးကြည်သာနားလည်ပြီးဖြစ်မယ်လို့ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ အခုဝန်ကြီးဖြည့်စွက်မယ့်ကိစ္စနှင့် ဦးကြည်သာသဘောထားပြောပါ။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ကျွန်တော့်အနေနဲ့ အထူးကန့်ကွက်စရာမရှိပါဘူး။ ဒါပေမယ့် ရေးသားတာဖောင်းကြွမှုရှိ/မရှိကို ဥပဒေကြမ်းကော်မတီက သဘောတူရင် ကျွန်တော့်အနေနဲ့ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပြီ။ ရေးသားတာဖောင်းကြွမှုမရှိအောင် တစ်ခါတည်းပဲရေးပါ။ တစ်ခါတည်းပဲ ဆုံးဖြတ်ပေးလိုက်ပါမယ်။ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိရန်ပုံငွေကို ထူထောင်ရမည်ဆိုတဲ့နေရာမှာ အခုဟာက ထူထောင်ဖို့မဟုတ်ဘဲနဲ့ ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ သုံးစွဲဆောင်ရွက်ရမည် ဆိုတဲ့သဘောလို့ ယူဆပါတယ်။ ဒါ့ကြောင့်မို့လို့ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိရန်ပုံငွေများကို ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုရမည်ဖြစ်မလား၊ ထူထောင်အသုံးပြုရမည်ဖြစ်မလား။ ဒေါ်တင်နွယ်ဦး စဉ်းစားပါ။ တစ်ခါတည်းရေးပါ။ ခဏခဏကျန်တဲ့ကိစ္စတွေမှာပြောတယ်။ ဒီမှာ ငြိမ်နေတယ်။ ဘဏ္ဍာရေးအကြောင်းဆိုရင်၊ ကဲစဉ်းစားထားပါ။ ဒါကိုခဏ Paling နီထားပါမယ်။ ပြီးတော့မှ စဉ်းစားပြီးရေးထားပေးပါ။

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၀ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်ရဲ့ကိုယ်စား ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ် ကိုယ်စား ပြင်ဆင်ချက်ဇယား စာမျက်နှာ ၉၊ အမှတ်စဉ် ၄ အခန်း (၁၀) အထွေထွေအခန်းအနေနဲ့ အသစ်ဖြည့်စွက်ခြင်းကို ပြင်ဆင်တင်ပြသွားမှာဖြစ်ပါတယ်။ အဲ့ဒီမှာ အခန်း (၁၀) ကို အခန်း (၁၁) လို့ဆိုပြီးတော့ တစ်ခန်းတိုးပါတယ်။ နောက်ပြီးတော့ ပြင်ဆင်ချက်မှာ အသစ်ဖြည့်စွက်ချက်အနေနဲ့ ပုဒ်မ ၃၁ အရည်အသွေးထောက်ခံချက်ရရှိသူ ယင်း၏ကိုယ်စားလှယ်နှင့် လုပ်ငန်းဆက်ခံသူတို့သည် မဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများကို လိုက်နာရမည်ဟု ပြင်ဆင်တင်ပြချက်အား လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးသောင်းဟန်ရဲ့ အဆိုပြုချက်နဲ့ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထား ပြောပါ။

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့အနေနဲ့က ဒီမဖြစ်မနေလိုက်နာရမည့် စံချိန်စံညွှန်းများဟာ အားလုံးကလိုက်နာဆောင်ရွက်ရမယ့် စံချိန်စံညွှန်းများဖြစ်ပါတယ်။ ဒါ့ကြောင့်မို့လို့ ဒီအချက်ဟာ ထည့်သွင်းဖော်ပြရန် မလိုအပ်ပါဘူးလို့ သဘောထား တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲကာယကံရှင်တော့မပါဘူး။ ခုနက ဥပဒေကြမ်းကော်မတီအနေနဲ့ပဲ ပြည်ထောင်စုဝန်ကြီးကတော့ ဒီစံချိန်စံညွှန်းဥပဒေများကို မဖြစ်မနေလိုက်နာရမှာဖြစ်တဲ့အတွက် ဒီဟာထည့်ဖို့မလိုဘူးဆိုတဲ့သဘော ဆွေးနွေးသွားပါတယ်။ ဒါ့ကြောင့်မို့လို့ ဥပဒေကြမ်းကော်မတီအနေနဲ့ စဉ်းစားပြီးတော့ ဆွေးနွေးပေးပါ။ ဥပဒေကြမ်းကော်မတီအဖွဲ့ကိုယ်စားသော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း ဆွေးနွေးတင်ပြနိုင်ပါတယ်။

**ဒေါ်တင်နွယ်ဦး(ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော နာယကကြီးရှင်။ ဒီမှာက (က)၊ (ခ)၊ (ဂ)၊ (ဃ) မှာလေ (က)၊(ခ)၊ (ဂ)၊ (ဃ)ပြီးတော့ (င) ထပ်ထည့်မယ်။ အဲ့ဒီမှာကိုက အခြားအရငွေများဆိုတာ ထပ်ထည့်အုံးမှာပါ။ အခြားအကြောင်းကြောင်းကြောင့် ရငွေရနိုင်သေးတဲ့အတွက် အခြားရငွေများ ထပ်ထည့်မှာပါ။ နောက်တစ်ခုက စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိရန်ပုံငွေကို အောက်ပါရငွေများဖြင့်ထူထောင်ရမည်ဆိုတဲ့ အခါကျတော့ ရငွေရပြီးပြီဆိုရင် သူကသုံး

ဦးမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိ၏ရန်ပုံငွေကို အောက်ပါရငွေများရန်ပုံငွေကို အောက်ပါရငွေများကိုသုံးစွဲရာတွင် ဘဏ္ဍာရေးကျင့်စဉ်ကြီးများနှင့် အညီသုံးစွဲရမည်။ **ပန်နယ်ချယ်ရယ် စလေးရှင်ကိုဆိုလိုတာပါ။** နောက်တစ်ခုက အပိုဒ် ၃၀ မှာ ကော်မတီ၏ ရန်ပုံငွေနှင့်စပ်လျဉ်း၍ အစိုးရအသိအမှတ်ပြုစာရင်းစစ်များမှ စစ်ဆေး၍ စာရင်းစစ် အစီရင်ခံစာ ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဘဏ္ဍာရေးအလိုက်၊ နှစ်အလိုက်တင်သွင်းရမည် ဆိုတော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်သွင်းရမည်ဆိုတာ အဲ့ဒါဝိုင်းစဉ်းစားရမှာပါ။ ဒါက Professional နဲ့မဆိုင်ပါဘူး။

**ဥက္ကဋ္ဌ။** ။ ကဲဟုတ်ပြီ။ ခုနကလေးဆီလျော်အောင် ပြန်ပြီးရေးထားကြည့်ပါ။ အခုကတော့ စာမျက်နှာ ၉၊ အမှတ်စဉ် ၄၀ အခန်း (၁၀)၊(၁၁) ကိုဆွေးနွေးဖို့ဖြစ်ပါတယ်။ ဦးသောင်းဟန် ယင်းမာပင် အဆိုသည် ပြင်ဆင်ချက်အဆိုသည် ထည့်သွင်းရန်မလိုဘူးလို့ ပြည်ထောင်စုဝန်ကြီးက ဒီလိုပြန်လည် ဆွေးနွေးထားပါတယ်။ ဒါကြောင့်မို့လို့ ထည့်သွင်းရန်လို/မလို ဥပဒေကြမ်းကော်မတီကပဲ ရှင်းလင်း ဆွေးနွေးပေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးသောင်းဟန်ရဲ့ ဒီအဆိုပြုဆွေးနွေးချက်က သက်ဆိုင်ရာဝန်ကြီးဌာနနဲ့လည်း ညှိနှိုင်းဆွေးနွေးပြီးဖြစ်ပါတယ်။ ဦးသောင်းဟန်ရဲ့ ဆွေးနွေးတဲ့အကြောင်းအရာကတော့ အရည်အသွေး ထောက်ခံချက်လက်မှတ်ရရှိထားတဲ့ လူတစ်ယောက်က ပိုင်ရှင်ကတစ်ယောက် သူ့ရဲ့ကိုယ်စားလှယ် ရယ်၊ အမွေဆက်ခံသူရယ် ပြဋ္ဌာန်းချက်တွေ ဥပဒေကြမ်းမှာပါရှိပါတယ်ခင်ဗျား။ အဲ့ဒီတော့ သူတို့ရဲ့ နယ်မြေဒေသခံမှာဖြစ်နေတဲ့ အနေအထားအရ အရည်အသွေးလက်မှတ်ရထားတဲ့ ပိုင်ရှင်က သူ့ကိုယ်စားအမွေဆက်ခံတဲ့လူတွေ၊ သူ့ကိုယ်စားလှယ်တွေဟာ ဒီထောက်ခံချက်ဟာ သူတို့နဲ့မဆိုင် ပါဘူး။ သူ့နံမည်နဲ့ မဟုတ်ပါဘူးဆိုပြီးတော့ ဒီအရည်အသွေးထောက်ခံချက်ပေါ်မှာ စားသုံးသူ Customer အပေါ်မှာ တာဝန်ခံမှုမရှိလို့ ဒီအချက်ကိုဖြည့်ဆည်းပေးပါဆိုပြီး သက်ဆိုင်ရာဝန်ကြီးဌာန က ပညာရှင်တွေနဲ့ညှိနှိုင်းပြီး ဆွေးနွေးခဲ့တာဖြစ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ကဲဒါကြောင့်မို့လို့ လိုအပ်လို့ထည့်ထားတယ်ဆိုတဲ့သဘော ဖြစ်ပါတယ်။ ဒါကြောင့် လွှတ်တော်ရဲ့ သဘောထားအရ ယူပါမယ်။ ဦးသောင်းဟန်ရဲ့ ယင်းမာပင်အဆိုပြုချက်သည် လိုအပ်လို့ထည့်ထားကြောင်း ဥပဒေကြမ်းကော်မတီက ထိုစဉ်က ဆွေးနွေးတဲ့အချက်ပေါ်မှာ မူတည်

ပြီးတော့တင်ပြသွားပါတယ်။ ဒါကြောင့် ဦးသောင်းဟန်ရဲ့ အဆိုပြုချက်အား လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်ရန်တစ်ယောက်ရှိပါတယ်။ ဒါကြောင့်မို့လို့ ကန့်ကွက်ရန် တစ်ယောက်ပဲရှိတဲ့အတွက် ဒီ ဦးသောင်းဟန်၊ ယင်းမာပင်ရဲ့အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကဲဒါကြောင့်မို့လို့ ကျန်တာက အမှတ်စဉ် ၃၉။

**ဒေါက်တာဒေါ်အေးမြင့်(ရွှေတောင်မဲဆန္ဒနယ်)**။ ။ ကျွန်မတစ်ချက်လေးပြောချင်လို့ပါ။ သတ်ပုံ၊ စကားအသုံးအနှုန်းလေးပါ။ စာမျက်နှာ ၉ မှာပါပဲ။ နောက်အပိုဒ် ၃၀ မှာကော်မတီ၏ ရန်ပုံငွေနှင့်စပ်လျဥ်း၍ အစိုးရအသိအမှတ်ပြု စာရင်းစစ်များမှ စစ်ဆေး၍ဆိုတာမှဆိုတာထွက်ခွာရာပြပုဒ်ဖြစ်ပါတယ်။ က မှသာလျှင် ကတ္တားပုဒ်ဖြစ်ပါတယ်။ ပြုသူ၊ လုပ်သူ၊ ဆောင်ရွက်သူလို့ အဓိပ္ပာယ်ရပါတယ်။ ဒါကြောင့်အဲ့ဒီ မှ လေးကို က လို့ ပြင်ဖို့လိုပါ တယ်။ စာရင်းစစ်များက။

**ဥက္ကဋ္ဌ**။ ။ မှန်ပါပြီ။ ဒီဟာ က ပြင်ပေးပါ့မယ်။ ကဲ ခုနက ပြည်ထောင်စုဝန်ကြီးက အခု ဦးကြည်သာပြောတဲ့ကိစ္စဆောင်ရွက်မယ်။ သို့ရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနဲ့အညီဆိုတဲ့ အဓိပ္ပါယ်ပေါက်တဲ့ဟာလေး ထည့်ပေးဖို့လိုမယ့်လို့ပြောတဲ့အတွက် ဦးကြည်သာအဆိုပြုထားတဲ့နေရာမှာ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိရန်ပုံငွေများကို အောက်ပါရငွေများဖြင့် ထူထောင်ရမည်။ ဆက်ပြီးတော့ ထူထောင်ရမည် ဆက်ပြီးတော့ ရေးလို့လည်းရပါတယ်။ ဆောင်ရွက်ရာတွင် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့ ဆောင်ရွက်ရမည်ဆိုတာ ပေါင်းရေးမယ်ဆိုရင်တော့ အဓိပ္ပါယ်ပြည့်စုံသွားနိုင်ပါတယ်။ ဒါကိုရေးပါ။ ရေးပြီးတဲ့အခါမှာ အတည်ပြုပါ။

**ဦးကြည်သာ(ဂွမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီကော်မတီဥက္ကဋ္ဌဟာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်ကြီးက ဆောင်ရွက်တာဖြစ်ပါတယ်။ အခုစာရင်းစစ်တွေ စစ်ဆေးနိုင်အောင်လည်းရေးထားပါတယ်။ အဲ့ဒီတော့ ကျွန်တော်တို့ ရေးထားတဲ့ဥစ္စာလောက်နဲ့ကို လုံလောက်ပါတယ်။ ဒါကို အများလိုလို နားလည်ပါတယ်။ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းနဲ့ လုပ်မယ့်ပြင်ပအဖွဲ့အစည်းလည်းမဟုတ်ပါဘူး။ ပြည်ထောင်စုအဆင့်နဲ့ တစ်ဖက်က ဥက္ကဋ္ဌဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တင်ပြတဲ့အတိုင်းထားရင်လည်း ကျစ်ကျစ်လစ်လစ်ရှိပါတယ်။ ဝိုင်းပြီးစဥ်းစားနေမှ အချိန်ပိုကြာသွားမှာပဲ ကျွန်တော်စိုးရိမ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲ့ဒီတော့ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိရန်ပုံငွေကို အောက်ပါငွေများဖြင့်ထူထောင်ရမည် ဆိုတာနဲ့ပတ်သက်ပြီးတော့ ဒီလိုဆိုတဲ့အတွက် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနဲ့အညီ ဆောင်ရွက်ရမည်ဆိုတဲ့စကားလုံး လို/မလိုပဲစဉ်းစားလိုက်ပါတော့။

**ဦးစိုးပိုင်(ဝမ်းသိုမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြင်ဆင်ချင်ပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကတော့ စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိရန်ပုံငွေကို အောက်ပါရငွေများဖြင့် ထူထောင်ပြီးလို့ ထည့်လိုက်ရပါမယ်။ ထူထောင်ပြီး ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်သုံးစွဲရမည်။ ရမည်နေရာမှာပြီးလို့ ဘာဖြစ်လို့လည်းဆိုတော့ ဒီထူထောင်တာနဲ့ အောက်က ကိုယ်ရနိုင်တဲ့အကြောင်းတရားတွေကိုပေါ်လွင်အောင် ထည့်သွင်းရမှာဖြစ်တဲ့အတွက် အဲ့ဒီလိုပဲ ပြင်ဆင်ချင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကဲ ကျွန်တော့်အနေနဲ့ အဲ့ဒီလောက်ဆိုရင် ကျွန်တော့်ဘက်က လုံလောက်ပြည့်စုံတယ်လို့ ယူဆပါတယ်။ ယူဆတဲ့အတွက် နောက်တစ်ခါ ဒီမှာပဲ ကျွန်တော်တို့ အဆုံးအဖြတ်ပေးပါမယ်။ ဒါကြောင့်မို့လို့ ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ပြင်ဆင်အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးကလည်း ပိုမိုပြည့်စုံအောင် ဘဏ္ဍာရေးဆိုင်ရာလုပ်ထုံးလုပ်နည်းများနဲ့အညီဆိုတဲ့စကားလုံးထည့်ရင်ကောင်းမယ်လို့ပြောပါတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက စံချိန်စံညွှန်းလုပ်ငန်းကော်မတီသည် မိမိ၏ရန်ပုံငွေကိုအောက်ပါရငွေများဖြင့် ထူထောင်ပြီးဆိုပြီးတဲ့အခါမှာ ဆက်ဖော်ပြမယ်ဆိုရင် လွှတ်တော်ကကန့်ကွက်ရန်ရှိပါသလား။ ကန့်ကွက်ရန်မရှိတဲ့အတွက် ဦးကြည်သာ၊ ဂွမဲဆန္ဒနယ်ရဲ့ အဆိုပြုချက်ကို ပြည်ထောင်စုဝန်ကြီးရဲ့ ဖြည့်စွက်ချက်နဲ့ သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်ရဲ့ အတည်ပြုချက်အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒါနဲ့ပတ်သက်ပြီးတော့ ဦးကြည်သာတင်ပြသလို ကျွန်တော့်တို့နိုင်ငံမှာအင်မတန်မှလိုအပ်တဲ့ ဒီဥပဒေကို အခုကာလအထိပြဋ္ဌာန်းပေးနိုင်ခြင်းမရှိဘူး။ မရှိတဲ့အတွက် မြန်မာနိုင်ငံအတွင်းမှာလည်း မဖြစ်သင့်မဖြစ်ထိုက်တဲ့များစွာလည်း ဖြစ်ပေါ်နေပါတယ်။ ဥပမာတစ်ခုပြောမယ်ဆိုရင် ကျွန်တော်တို့ တောင်သူလယ်သမားများထုတ်လုပ်တဲ့စပါး ကျွန်တော်တို့ ယေဘုယျနားလည်တာက စပါးတစ်တင်းကို ၄၆ ပေါင်လိုသတ်မှတ်တယ်။ သို့ရားတွင် လက်တွေ့နယ်ပယ်အသီးသီးမှာ ၄၈ ပေါင်နဲ့ဝယ်တယ်။ တချို့ ပေါင် ၅၀ နဲ့ဝယ်တယ်။ တချို့ ၅၂ ပေါင်နဲ့ဝယ်တယ်။ ၅၂ ပေါင်နဲ့ ဝယ်တဲ့ဒေသတွေကျတော့ စပါးတင်း ၁၀၀ ကိုဥပမာအားဖြင့် ၄၅၀၀၀၀ ပေးတယ်။ ၄၆ ပေါင်နဲ့ဝယ်တဲ့ နေရာကျတော့ စပါးတင်း ၁၀၀ ကို ၃၅၀၀၀၀ စပြီးဒီလိုရှိတယ်။ ဘာဖြစ်လို့ ဒီလိုဖြစ်လဲ

ဆိုတော့ စံချိန်စံညွှန်းသတ်မှတ်ထားတာမရှိသလို ကိုယ့်ဒေသနဲ့ကိုယ့်ဆန်လုပ်တဲ့အတွက် များစွာအခက်အခဲတွေရှိတဲ့အတွက် တောင်သူလယ်သမားတွေလည်း ပြောမယ်ဆိုရင် နားလည့်ပါးရိုက်ပြစ်ဒဏ်ခံရမယ့်သဘောရှိပါတယ်။ အဲ့ဒီတော့ကျွန်တော်တို့လယ်သမားတွေက တချို့တချို့ဆိုရင် ပေါင်ဆိုတာလည်းနားမလည်။ ကတ္တားဆိုတာလည်းမသိ။ တင်းတောင်းကိုပဲသိတယ်။ တင်းတောင်းကျတဲ့အခါကျလည်း တစ်တင်းမှာ ၁၆ ပြည်ဆိုပေမယ့်လို့ ထိုနေရာကျတော့ တစ်တင်းဆိုပြီးတဲ့အခါမှာ ပြည် ၂၀ နဲ့ဝယ်တာတွေလည်းရှိပါတယ်။ အဲ့ဒီတော့သတ်သတ်မှတ်မှတ်ဥပဒေမရှိတဲ့အတွက် ကျွန်တော်တို့နိုင်ငံအတွင်းမှာ များစွာသော ပြဿနာကြီးငယ်များရှိပါတယ်။ ဒီအတိုင်းပဲခုနက စားသုံးသူ၊ ထုတ်လုပ်သူပိုင်းမှာလည်း များစွာပြဿနာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေတွေကိုပြဋ္ဌာန်းဖို့ ကျွန်တော့်အနေနဲ့ ပုံစံအမျိုးမျိုးနဲ့ တိုက်တွန်းကြိုးစားခဲ့ပါတယ်။ ဒီနေရာမှာ ဟိုတုန်းက ဦးစိုးသာတို့လည်းပါခဲ့ပါတယ်။ သို့ရာတွင်မဖြစ်မြောက်ခဲ့ပါဘူး။ ဒီနေ့တော့ ဘာပဲဖြစ်ဖြစ်ဒီဥပဒေဖြစ်မြောက်ဖို့အတွက် ပြောမယ်ဆိုရင်တော့ရာခိုင်နှုန်း ၈၀၊ ၉၀ လောက် ဖြစ်သွားနိုင်ပါတယ်။ ဒီလိုဥပဒေဖြစ်မြောက်ပြီးတဲ့အခါမှာ အားလုံးဟာ ဥပဒေအရလိုက်နာကြမယ်ဆိုလို့ရှိရင် နိုင်ငံအတွင်းမှာဖြစ်ပေါ်နေတဲ့ စားသုံးသူရော၊ အခြားကိစ္စတွေရော များစွာအဆင်ပြေနိုင်ကြမှာဖြစ်ပါတယ်။ အရေးကြီးတာက ဥပဒေဖြစ်ပြီး ဥပဒေအတိုင်းအားလုံးလိုက်နာရေးအတွက်လည်းကျွန်တော်တို့အားလုံးပါဝင်ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေပြဋ္ဌာန်းပေးနိုင်တဲ့အတွက် အင်မတန်မှ ဝမ်းမြောက်စွာဖြစ်သလို ကျွန်တော်တို့ လွှတ်တော်တို့ လွှတ်တော်အနေနဲ့ အင်မတန်မှ ဂုဏ်ယူစရာဖြစ်ပါတယ်။ ဆက်လက်ပြီး ဆောင်ရွက်ပါမယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သိပ္ပံနဲ့နည်းပညာဝန်ကြီးဌာနက တင်သွင်းသော စံချိန်စံညွှန်းသတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းကို ဥပဒေကြမ်းကော်မတီနဲ့ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့အပိုဒ်၊ အပိုဒ်ခွဲအမှတ်စဉ်များကိုလည်း တစ်ပါတည်း အတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါကြောင့် စံချိန်စံညွှန်း သတ်မှတ်ခြင်းဆိုင်ရာ ဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်းအတည်ပြုရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်းတိုင်တိုင်မေးမြန်းသည်။ လွှတ်တော်ကသဘောတူပါသည်။]

**မှုကြမ်း**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူတဲ့သူမရှိတဲ့အတွက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနက တင်သွင်းသော စံချိန်စံညွှန်းသတ်မှတ်ခြင်း ဆိုင်ရာဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့်အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆) ရက်မြောက်နေ့ကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၅၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့ကို ၁၂း၅၀ နာရီအချိန်တွင် ရပ်နားပါသည်။]